မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀၁၀ခုနှစ်၊ မတ် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၄)

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒ အဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။
၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူ တို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ် မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအား တို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။
၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက် နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက် သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည် မြင့်မားရေး

တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အနည်းငယ် ဖြစ်ထွန်းမည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဆင်ဘိုမြို့နှင့် မြို့လှမြို့ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းက မြစ်ကြီးနားတပ်နယ်ခန်းမဌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်သွားကြရန်တို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၃ ❐

ဒေသခံတိုင်းရင်းသားများ အပြုံးပန်းဝေဝေ စီးနင်းလိုက်ပါနိုင်ကြမည့် ကျိုင်းတုံ - မိုင်းဆတ် ရထားလမ်းပိုင်း ဖောက်လုပ်နေပြီ

သတင်းခရီးသည်– မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း– လေးနွယ်(မင်္ဂလာဒုံ)

စာမျက်နှာဖွဲ့စည်းမှု– ခင်သန္တာသိန်း (မြန်မာ့အလင်း)

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ကျိုင်းတုံ-မိုင်းဆတ်မီးရထားလမ်း ဖောက်လုပ်နေပြီဆိုသောသတင်းစကားက သတင်းခရီးသည်ကို နှိုးဆွလိုက်ပေရာ လေ့လာရန် မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရတော့သည်။ ကျိုင်းတုံမြို့အနောက်ဘက် သုံးမိုင်ခန့်အကွာ ကျိုင်းဖောင်းရွာအနီးသို့ရောက်သည်နှင့် မြေတူး၊ မြေဖို့ခြင်းလုပ်ငန်းများ ပြုလုပ်ထားရှိမှုကို မြင်တွေ့လိုက်ရသည်။ မေးမြန်းကြည့်ရာ ကျိုင်းတုံဘူတာယာဒ်ဝင်းအတွက် မြေသားလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု မြင်ကွင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၆ ✻

မြေသားလုပ်ငန်းဆောင်ရွက်

ကျိုင်းတုံ-ယမ်းလု လမ်းပိုင်းတွင် မြေသားလုပ်ငန်းကို ဤသို့ ယန္တရားများဖြင့် ဆောင်ရွက်နေသည်မှာ....။

ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၃ ရက်)

နွေဦးရာသီ၌ အပူဒဏ်အန္တရာယ် ကြိုတင်သတိပြုကာကွယ်

ပူပြင်းသော နွေရာသီသို့ ဝင်ရောက်လာပြီဖြစ်သည်။ နွေရာသီ၏ အပူဒဏ်ကိုကာကွယ်ရန်အတွက် လူတိုင်းသည် ကျန်းမာရေးနှင့်ပတ်သက်၍ အထူးဂရုပြု ကြရမည်ဖြစ်သည်။

အပူဒဏ်ကြောင့် မလိုလားအပ်သောဆိုးကျိုးများ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရမည်ဖြစ်သည်။ အပူဒဏ်ကြောင့် ချွေးထွက်များပြီး ခန္ဓာကိုယ်ရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားနိုင်သည်။

ချွေးထွက်ခြင်းကြောင့် ကိုယ်တွင်းရှိရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် ဓာတ်ဆားရည်သောက်သုံးရန် လိုအပ်သည်။ ခန္ဓာကိုယ်အပူချိန်များတက်ပါက ရေအေးရေဖတ်တိုက်ခြင်းဖြင့် အပူချိန်ကိုလျော့ကျစေသည်။

ပူပြင်းသောအချိန်ကာလတွင် အရက်သောက်ခြင်းကို ဂရုပြုရှောင်ကြဉ်ကြရမည်ဖြစ်သည်။ အရက်ကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုပြင်းထန်စွာ ခံစားရဖွယ်ရှိသည်။

နေ့လယ်ပိုင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေရိုးခြင်းမပြုသင့်ဘဲ ပြင်ပသို့ထွက်သည့်အခါ၌လည်း ခန္ဓာကိုယ်ကို အကာအကွယ်ပြုရန်အတွက် ထီး၊ ဦးထုပ်တို့ကို ဆောင်းရန်လိုအပ်သည်။ သက်သောင့်သက်သာဖြစ်စေသော အဝတ်အထည်များကို ဝတ်ဆင်သင့်ပြီး အရောင်ဖျော့ဖျော့ အဝတ်များ၊ အထူးသဖြင့် အဖြူရောင်များကို ဝတ်ဆင်ကြရမည်ဖြစ်သည်။

ဆီးချို၊ နှလုံးနှင့် သွေးတိုးရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်ပိုင်း အပူကဲချိန်တွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာများ၌ နားနေသင့်ကြသည်။

အစားအသောက်များကို စားသောက်ရာတွင် သွေးတိုးစေမည့်အစားအစာများကို ရှောင်ကြဉ်ပြီး ရာသီဥတုနှင့် လိုက်ဖက်ညီသော အစားအသောက်များကို တွဲဖက်စားသုံးသင့်ပေသည်။

သို့ဖြစ်ပေရာ ယခုကဲ့သို့ နွေဦးကာလ အပူကဲသောရာသီတွင် ပြည်သူများအနေဖြင့် အပူဒဏ်ကို ကျန်းမာရေးအသိအမြင် ဗဟုသုတတို့ဖြင့် ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ပို့ကုန်/သွင်းကုန် လုပ်ငန်းများစစ်ဆေး

မလိုအပ်ဘဲ ကြန့်ကြာမှုမဖြစ်စေရန် ဂရုပြုဆောင်ရွက်ရေးမှာကြား

နေပြည်တော် မတ် ၂

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့မွန်းလွဲ ၂နာရီက ဗိုလ်အောင်ကျော် ဆိပ်ခံတံတားသိုလှောင်ရုံသို့ရောက်ရှိရာ ဝန်ကြီးအား စစ်ဆေးရေးအဖွဲ့များက ပို့ကုန်/ သွင်းကုန် ကုန်သေတ္တာများ ရောက်ရှိလာမှု၊ ဖွင့်ဖောက်စစ်ဆေးနေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဗိုလ်အောင်ကျော် ဆိပ်ခံတံတားသိုလှောင်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးက သွင်းကုန်ပစ္စည်းများ စနစ်တကျသိုလှောင်ထားရှိမှု၊ ပို့ကုန်များ ကုန်သေတ္တာပေါ်သို့ တင်ပို့ဆောင်ရွက်နေမှုနှင့် X-Ray စက်ဖြင့် ကုန်သေတ္တာများ ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုတို့ကိုလည်းကောင်း၊ ဗိုလ်အောင်ကျော်တံတားနှင့် ဆူးလေတံတားတို့တွင် ကုန်သေတ္တာ သင်္ဘောများ ဆိုက်ကပ်မှုနှင့် နိုင်ငံခြားသင်္ဘောပေါ်မှ ဆောက်လုပ်ရေးပစ္စည်းများ၊ သစ်လုံးများ တင်/ချ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက ပို့ကုန်/သွင်းကုန် ပစ္စည်းများ တင်/ချ ပြုလုပ်ရာတွင် သွက်လက်မြန်ဆန်စေရေးအတွက် စနစ်တကျ ကြပ်မတ်စစ်ဆေးဆောင်ရွက်ရေး၊ ထိုသို့ ဆောင်ရွက်ရာတွင် လုံခြုံမှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အထူးဂရုပြု ဆောင်ရွက်သွားရေး၊ မလိုအပ်ဘဲ ကြန့်ကြာမှု မဖြစ်စေရန်အတွက် ဂရုပြုဆောင်ရွက်သွားရန်နှင့် ဆိပ်ကမ်းပတ်ဝန်းကျင် အမြဲသန့်ရှင်း သာယာလှပစေရန်တို့အတွက် အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၄-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (အိမ်၌ယဉ်ကျေးခြင်း)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (စိုးလွင်လွင်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ အဲလ်ဘတ်အိုင်းစတိုင်း (ဒေါက်တာခင်မောင်ညို)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာလက်မှုပညာ-ပန်းချီ)
၁၂း၃၀ Music Talk(13) တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရ တေးလက်ဆောင်
၁၇း၀၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (အဝင်ခက်ပါပြီ) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ **ချစ်သူသူရဲကောင်း** (အပိုင်း-၂)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ဆောင်းအကုန် နွေအကူး)
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (အပြောကျွမ်း၊ အရေးစွမ်း)
၁၉း၄၀ ရေဒီယိုအတိတ် တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ (တေးသံရှင်အရိုးနှင့် ဇနီး တင်မို့မို့ဝင်း)
၂၀း၅၀ သူ့လက်သံ (ဦးအောင်ရှိန်ရဲ့ မယ်ဒလင်လက်သံ) စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး(သင်ကြီးပွား ချမ်းသာလိုပါသလား)
၂၁း၀၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း ကဏ္ဍ လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂

ရေစကြိုမြို့နယ်အသင်း (ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲကို မတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

နှိုးဆော်ထား

၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူနှင့် ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများ၏ အမှတ်စာရင်းနှင့်တကွ ဆက်သွယ်ကြရန်၊ အသက် (၈၀)နှင့်အထက် သက်ကြီးပူဇော်ပွဲတို့အတွက် အလှူငွေနှင့် ပစ္စည်းများကို ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း) ဖုန်း-၂၂၅၇၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်မြင့် ဖုန်း-၇၂၁၂၀၈၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရဲအောင်(ငြိမ်း) ဖုန်း-၆၉၁၆၁၅၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးမြင့်ဆွေ (ငြိမ်း) ဖုန်း-၅၆၃၆၆၅၊ အတွင်းရေးမှူး ဦးဝင်း ဖုန်း-၅၂၆၂၄၉၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ညိုညို ဖုန်း-၅၃၀၃၃၂၊ ဘဏ္ဍာရေးမှူး ဦးပေါ် ဖုန်း-၆၈၀၇၉၅၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်အုန်းကြင် ဖုန်း-၆၈၀၇၆၁နှင့် နီးစပ်ရာ အလုပ်အမှုဆောင်များထံ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

သိုင်းသရုပ်ပြပွဲ

လှိုင်မြို့နယ် အလက(၈) မြန်မာသိုင်းသင်တန်းဆင်းပွဲနှင့် သိုင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၂၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင်၊ သိုင်းနည်းပြတာဝန်ခံ ဦးအောင်ကျော်စန်းနှင့် ဧည့်သည်တော်များ တက်ရောက်ကြပြီး သိုင်းသင်တန်းဆင်းများက သိုင်းသရုပ်ပြကွက်များဖြင့် ဧည့်ခံပြသစဉ်။

(ပညာရေး)

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ဗြိတိန်နိုင်ငံသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် မတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Heyn သည် မတ် ၁ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် လူမှုဘဝတိုးတက်မြင့်မားရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာ/ဆည်မြောင်းဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား အမေရိကန်နိုင်ငံ သံရုံးယာယီ တာဝန်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Larry M Dinger သည် မတ် ၁ရက် ညနေ ၃နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေး

အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန် မစ္စနီရူပါမာရောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်တို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး/ အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲတွင် ပူးတွဲသဘာပတိများအဖြစ် တာဝန်ယူကျင်းပကြစဉ်။(သတင်းစဉ်)

နေပြည်တော် မတ် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စနီရူပါမာရောင်းသည် မတ် ၁ရက် နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန်မစ္စနီရူပါမာရောင်းနှင့် ဒုတိယဝန်ကြီးဦးမောင်မြင့်တို့သည် ညှိနှိုင်းအစည်းအဝေး ပူးတွဲသဘာပတိများအဖြစ် တာဝန်ယူကျင်းပခဲ့ကြပြီး နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲတွင် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲရေးကိစ္စရပ်များကိုလည်းကောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ လျှပ်စစ်စီမံကိန်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ၊ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ဆွေးနွေးပွဲအပြီးတွင် အစည်းအဝေး မှတ်တမ်းကို နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှစ်ဦးက လက်မှတ်ရေးထိုးခဲ့ကြသည်။

တည်ခင်းဧည့်ခံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဧည့်သည်တော်နိုင်ငံခြားရေးအတွင်းဝန်နှင့် ခင်ပွန်းနှင့်အဖွဲ့အား ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် မစ္စနီရူပါမာရောင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြပြီး ၎င်းနှင့်အတူ ၎င်း၏ခင်ပွန်းနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးသုံးဦးလည်း အတူလိုက်ပါလာကြသည်။

ပြန်လည်ထွက်ခွာ

အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် မစ္စနီရူပါမာရောင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂ရက်တွင် ပုဂံသို့ သွားရောက်လည်ပတ်ကြည့်ရှုခဲ့ပြီး ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၅။ မေးမြန်းစူးစမ်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀ ၉။ ကျန်းမာသုတ
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Mail Box
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၅)
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ**(အပိုင်း-၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အိုင်စီတီသုတ
၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **ဘွာတေး၊ ဘွာတေး** (အံ့ဩလို့ကို မဆုံးဘူး) အေးအေးခိုင်၊ မျိုးမျိုးခိုင်၊ အရိုင်း၊ အံ့မင်းညို၊ အောင်ဇော်မင်း၊ စိုပြေ၊ ထက်အိကလျာ၊ သူရလင်း၊ ချမ်းမီမီကို [ဒါရိုက်တာ - မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၁၇)

သံအမတ်ကြီးဦးတင်ယုအား ဆူဒန်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆူဒန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်-ဟနွိုင်း တိုက်ရိုက်လေကြောင်းလိုင်း

စတင်ပျံသန်းခြင်းနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ ရန်ကုန်-ဟနွိုင်း တိုက်ရိုက်လေကြောင်းလိုင်း စတင်ပျံသန်း

ရန်ကုန် မတ် ၂

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်လေကြောင်းလိုင်း၏ ရန်ကုန်-ဟနွိုင်း တိုက်ရိုက်လေကြောင်းလိုင်းစတင်ပျံသန်းခြင်းနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Chu Cong Phung က မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ဒေသအတွင်း ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အောက်ဝဲပုံ)**

ရှင်းလင်းပြောကြား

ယင်းနောက် ဗီယက်နမ်လေကြောင်းလိုင်းမှ General Manager, Mr. Cao Xuan Phu က ဗီယက်နမ်လေကြောင်းလိုင်း၏ လက်ရှိပျံသန်းနေသည့် ခရီးစဉ်များ အခြေအနေ၊ ရန်ကုန်-ဟနွိုင်း တိုက်ရိုက်လေကြောင်းလိုင်း ခရီးစဉ်ကို ရက်သတ္တတစ်ပတ်လျှင် အင်္ဂါ၊ ကြာသပတေး၊ စနေနှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းပေးမည့် အခြေအနေ၊ ရန်ကုန်-ဟနွိုင်းတိုက်ရိုက် လေကြောင်းလိုင်း စတင်ပျံသန်းခြင်း အထိမ်းအမှတ်အဖြစ် **(ယနေ့)** မတ် ၂ရက်မှ ဧပြီ ၃၀ ရက်အထိ အထူးပရိုမိုးရှင်း အစီအစဉ်အဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၁၀သို့ လျှော့ချဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် တက်ရောက်လာကြသော နိုင်ငံခြားသတင်းထောက်များ၊ ပြည်တွင်းစာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြပြီး စာနယ်ဇင်းရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရန်ကုန် - ဟနွိုင်း တိုက်ရိုက်လေကြောင်းလိုင်း စတင်ပျံသန်းခြင်း အခမ်းအနားကို ညနေ ၆နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကျင်းပသည်။

စတင်ပျံသန်း

အဆိုပါ ဗီယက်နမ် လေကြောင်းလိုင်းမှ လေယာဉ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့မှ ညနေ ၄နာရီ ၁၀မိနစ်တွင် စတင်ထွက်ခွာလာပြီး ရန်ကုန်မြို့သို့ ညနေပိုင်းတွင်ရောက်ရှိကာ ညပိုင်းတွင် ရန်ကုန်မြို့မှ ဟနွိုင်းမြို့သို့ ရန်ကုန်-ဟနွိုင်း တိုက်ရိုက်လေကြောင်းလိုင်း ခရီးစဉ်အဖြစ် စတင်ပျံသန်း ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

အာဖဂန်တောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ အပြစ်မဲ့အရပ်သား ၁၁ဦးသေဆုံး

ကဘူးလ် မတ် ၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ်၌ ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲပိုင်းက အရပ်သားများ စီးလာသော မော်တော်ယာဉ်တစ်စီး လမ်းဘေးထောင်ဗုံး ထိမှန်ပေါက်ကွဲခဲ့သဖြင့် အရပ်သား ၁၁ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေး ပြောရေးဆိုခွင့်ရှိသူ ဒေါက်အာမာဒီက ပြောကြားသည်။

ပေါက်ကွဲ

အဆိုပါဖြစ်ရပ်သည် ထိုနေ့ မွန်းလွဲ ၂နာရီခွဲက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးမှာ နော်ဇတ်ခရိုင်ရှိ လမ်းဘေးတစ်နေရာ၌ စစ်သွေးကြွများထောင်ထားသော ဗုံးအနီးမှ မီနီဘတ်စ်တစ်စီး ဖြတ်သန်းသွားစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ကလေးနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး အပါအဝင် အပြစ်မဲ့အရပ်သား ၁၁ဦး သေဆုံးခဲ့ရကြောင်း အာမာဒီက ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကားဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌အသေခံကားဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် မြို့တွင်းလမ်းများ၌ အပျက်အစီးများကို ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တူရကီ လျှင်ကြောင့် ဆူနာမီဖြစ်ပေါ်နိုင် ကျွမ်းကျင်သူ သတိပေးပြောကြား

အစ္စတန်ဘူလ် မတ် ၂

တူရကီနိုင်ငံတွင် ငလျင်လှုပ်၍ ဆူနာမီဖြစ်ပေါ်မည့် အခြေအနေရှိနေကြောင်း တူရကီအစိုးရ တာဝန်ရှိသူများက မတ် ၁ရက်၌ သတိပေးလိုက်သည်။

ပြောကြား

ဘိုဂါဇီဇီတက္ကသိုလ် မြေငလျင်ဆိုင်ရာ သုတေသနဌာနမှ ညွှန်ကြားရေးမှူး မူစတာဖာအဲရစ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ခြိမ်းခြောက်

မိမိတို့နိုင်ငံအတွင်း ဆူနာမီဖြစ်ပေါ်လာနိုင်သည့် အနေအထားရှိနေကြောင်း၊ ယင်းဆူနာမီမှာ အနောက်တောင်ပိုင်းရှိ ကမ်းခြေဒေသများကို ခြိမ်းခြောက်နေကြောင်း ၎င်းက ပြောကြားသည်။

သေဆုံး

တူရကီနိုင်ငံ၌ ၁၉၉၉ခုနှစ် ဇူလိုင်၁၇ရက်က ရစ်ချ်တာစကေး ၇ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ နိုင်ငံ၏အနောက်မြောက်ပိုင်းဒေသမှ ပြည်သူ ၁၇၀၀၀ ကျော် သေဆုံးခဲ့ရသည်။

(အင်တာနက်)

အာဖဂန် တိုက်ခိုက်မှုများအတွင်း နေတိုးတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူးလ် မတ် ၂

အာဖဂန်နစ္စတန်နိုင်ငံတွင် တိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွားခဲ့ရာ နေတိုးတပ်ဖွဲ့ဝင် လေးဦးသေဆုံးသွားကြောင်း မတ် ၁ရက်က အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

တိုက်ခိုက်ခံရ

နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်အနောက်ပိုင်း၌ သေဆုံးခဲ့ချိန် တောင်ပိုင်း၌လည်း လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ခြင်း ဖြစ်သည်။

ပစ်မှတ်ထား

စတုတ္ထမြောက်တပ်ဖွဲ့ဝင်မှာ ကန်ဒါဟာမြို့ တောင်ပိုင်းအနီး အသေခံကားဗုံးခွဲ တိုက်ခိုက်မှုတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းကားဗုံးသည် နေတိုးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အရပ်သားလေးဦးလည်း သေဆုံးခဲ့သည်။

(အင်တာနက်)

တာလီဘန် ထိပ်တန်းတပ်မှူး တိုက်ပွဲအတွင်း သေဆုံး

ပက်ရှ်ဝါ မတ် ၂

တာလီဘန်ထိပ်တန်းတပ်မှူး တစ်ဦးသည် မတ် ၁ရက်က ပါကစ္စတန်နိုင်ငံ ဆွပ်တောင်ကြား၌ ပါကစ္စတန်လုံခြုံရေးတပ်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့မှုအတွင်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထုတ်ပြန်ထား

အဆိုပါ တာလီဘန် တပ်မှူး၏ အမည်မှာ မိုဟာမက်အလန်ဘီယာနော့ ဖြစ်ပြီး ပါကစ္စတန်အစိုးရက ရူပီးငွေ ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁၁၇၀၀၀) ဆုငွေထုတ်ခံထားရသူဖြစ်သည်။ ၎င်း၏ ဦးခေါင်းကို ဖြတ်နိုင်ခဲ့သူအား ယင်းဆုကြေးငွေကို ပေးမည်ဟု ပါကစ္စတန် အစိုးရက ထုတ်ပြန်ထားသည်။

(အင်တာနက်)

အကြမ်းဖက်မှုများကြောင့် အီရတ်ပြည်သူများ သေဆုံးမှုမြင့်တက်

ဘဂ္ဂဒက် မတ် ၂

အကြမ်းဖက်မှုများကြောင့် အီရတ်ပြည်သူများသေဆုံးမှုမှာ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်း ၄၄ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း အေပီသတင်း၌ ဖော်ပြသည်။

ကိုးကားဖော်ပြ

အီရတ်ပြည်သူများသည် စစ်ပွဲအကြမ်းဖက်မှုများအတွင်း ဖေဖော်ဝါရီလတွင် ၂၅၅ဦး၊ ဇန်နဝါရီလ၌ ၁၇၇ဦး သေဆုံးခဲ့ခြင်းအပေါ် အေပီသတင်းဌာနက ကိုးကားဖော်ပြထားခြင်း ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အီရတ်ပြည်သူများ သေဆုံးမှုမှာ အနည်းဆုံး ၃၈၃ဦးအထိ ရှိခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

နီပေါနိုင်ငံတွင် မြေပြိုမှုဖြစ်ပွား အမျိုးသမီးလေးဦး သေဆုံး

ခတ္တမန္ဒူ မတ် ၂

နီပေါနိုင်ငံ ကာစကီးနှင့် ဆွန်ဆာရီ ခရိုင်တို့၌ ဖေဖော်ဝါရီ ၂၈ရက်က မြေပြိုမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး အမျိုးသမီးလေးဦး သေဆုံးပြီး အခြားရှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားသည်။

အမျိုးသမီးသုံးဦးမှာ ခတ္တမန္ဒူမြို့မှ အနောက်ဘက် ကီလိုမီတာ ၂၀၀အကွာ ပူရန်ချားကျေးရွာ၌ မြေပြိုပိမိပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းကျေးရွာမြေပြိုမှု၌ ဒဏ်ရာရသူ ခြောက်ဦးရှိပြီး ဆေးကုသရန် နီးစပ်ရာ ဆေးရုံသို့တင်ပို့ထားကြောင်း သိရသည်။

မြေပြို

အမျိုးသမီးတစ်ဦးမှာ ဆွန်ဆာရီခရိုင် ဘာရက်ချက်တရာကျေးရွာ၌ မြေပြိုမှုဖြစ်၍ သေဆုံးခဲ့ရသည်။ ယင်းမြေပြိုမှုကြောင့် အခြားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

အဆိုးရွားဆုံး

အဆိုပါမြေပြိုမှုသည် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံး မြေပြိုမှုဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့များက ထိခိုက်သေဆုံးသူများအား ရွှံ့နွံများကြားမှ အချိန်ကြာမြင့်စွာ ဆွဲထုတ်ခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ချီလီငလျင်အတွင်း သေဆုံးသူ ၇၀၀ ကျော်ရှိ

ကွန်ဘက်ဆီယွန်(ချီလီ) မတ် ၂

ချီလီနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်ပြီး ဆူနာမီဖြစ်ပေါ်ခဲ့သဖြင့် သေဆုံးသူဦးရေ ၃၅၀ ရှိခဲ့ရာ ဖေဖော်ဝါရီ ၂၈ရက်က နှစ်ဆတိုးလာသကဲ့သို့ အစိုးရက ငလျင်ဒဏ်ခံရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ပြင်းထန်

ငလျင်ကြောင့် ချီလီနိုင်ငံ၌ စုစုပေါင်း ၇၁၁ဦး သေဆုံးခဲ့ရပြီး ချီလီတပ်ဖွဲ့ဝင် ၂၀၀၀၀ စေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းငလျင်သည် ရစ်ချ်တာစကေး ၈ဒသမ၈အဆင့်ရှိပြီး အပြင်းထန်ဆုံး ငလျင်တစ်ခုဖြစ်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ပြိုကျပျက်စီး

ငလျင်လှုပ်ခဲ့မှုကြောင့် ပီလ်လူဟူးနှင့် ကွန်စတီကျူးရှင်းမြို့များ အပါအဝင် ကမ်းရိုးတန်းတစ်လျှောက်ရှိမြို့များ ထိခိုက်ခဲ့ပြီး နေအိမ်အများအပြား ပြိုကျပျက်စီးခဲ့သည့်အပြင် လမ်းများပေါ်တွင် မော်တော်ကားများကျွမ်းထိုးမှောက်ခုံ မြင်မကောင်း အောင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါငလျင်ကြောင့် ချီလီနိုင်ငံ အလယ်ပိုင်း၌ အနည်းဆုံးလူနှစ်သန်း ထိခိုက်ခဲ့ပြီး အများအပြား ပျောက်ဆုံးနေဆဲဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ပျက်စီး

ချီလီနိုင်ငံ တယ်ကာဟွာနိုမြို့၌ ငလျင်လှုပ်၍ ဆူနာမီဖြစ်ပေါ်ခဲ့ပြီးနောက် အပျက်အစီးများကို မတ် ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သခင်ကိုသတ်ခဲ့သည့် ဝေလငါးကြီးစွမ်းရည် ဖလော်ရီဒါ အော်လန်ဒို၌ ပြန်လည်ပြသ

အော်လန်ဒို(ဖလော်ရီဒါ) မတ် ၂

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုရှိ ဝေလငါးစွမ်းရည်ပြ ဆီးဝါး အမည်ရှိ ကုမ္ပဏီရေကန်၌ လွန်ခဲ့သော သုံးရက်က လေ့ကျင့်သင်ကြားပေးသော သခင်ကို ပြန်လည်တိုက်ခိုက်သတ်ပုတ်ခဲ့သည့် ဝေလငါးကြီး၏ စွမ်းရည်ပြသပွဲကို မတ် ၁ရက်က ပြန်လည်ပြသပြီ ဖြစ်သည်။

ကြည့်ရှု

အဆိုပါ ဝေလငါးကြီးကို လူဦးရေ ၂၂၀၀ကျော်တို့ လာရောက်ကြည့်ရှုခဲ့ကြကြောင်း၊ သို့သော် ဝန်ထမ်းများက ဝေလငါးရှိသည့် ရေကန်ထဲသို့ဆင်းခွင့်မပြုကြောင်း ဆီးဝါးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သတ်ပုတ်တိုက်ခိုက်

ယင်းဝေလငါးကြီးသည် အသက် ၄၀ အရွယ်ရှိ ဒေါင်းဘရန်ချူးအား ရေအနက် ၂၂ပေထဲသို့ ဆွဲချသွားပြီး သတ်ပုတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ဝါရင့်ဝေလငါးလေ့ကျင့်သင်ကြားပေးရေးတွင် ကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။

ဝေလငါး သတ်ပုတ်မှုခံရသော မစ္စစ်ဘရန်ချူး၏နာရေးအခမ်းအနားကို ချီကာဂိုမြို့၌ မတ် ၁ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ ယင်းဝေလငါး၏ အမည်ကို တီလီကွမ်းဟု အမည်ပေးထားပြီး အခြားတိုက်ခိုက်မှု နှစ်ရပ်ဖြစ်ပွားမှုနှင့် ဆက်နွှယ်နေသော်လည်း ၎င်းကုမ္ပဏီက ယင်းဝေလငါးကို ဆက်လက် ထားရှိသွားမည်ဟု ဆိုသည်။ **(အောက်ပုံ) (အင်တာနက်)**

မီးကျည်မီးပန်းအလုပ်ရုံပေါက်ကွဲ တရုတ်ကျေးရွာသား ၁၉ ဦး သေဆုံး

ကွမ်တုံ မတ် ၂

တရုတ်နိုင်ငံ တောင်ပိုင်း မီးကျည် မီးပန်းအလုပ်ရုံ၌ ပေါက်ကွဲမှုတစ်ရပ် မတ် ၁ရက်က ဖြစ်ပွားခဲ့ရာ ကျေးရွာသား ၁၉ဦး သေဆုံးခဲ့ရကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

တရုတ်မီးကျည် မီးပန်းများပြုလုပ်ခြင်းသည် တရုတ်နှစ်သစ်ကူးပွဲတော်၏ အဓိက လုပ်ငန်းတစ်ရပ်ဖြစ်ပြီး လွန်ခဲ့သော နှစ်ပတ်ကျော်မှစ၍ မီးကျည်မီးပန်းများ ပြုလုပ်လျက်ရှိသည်။ (အင်တာနက်)

ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပြည်သူများနှင့် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် မတ် ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အားကစားခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းအားလုံးသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန် ပိုမိုမြင့်မားစေရန် အရေးပါသော ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ရင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် ညီညီညာညာ ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားသည်။

ချောက်မြို့နယ်

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက မကွေးတိုင်း ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ချောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းအစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး မကွေးတိုင်း တိုင်းအခွန်ဦးစီးဌာနမှူး ရုံးနှင့် မြို့နယ်အခွန်များ ဦးစီးဌာနမှူးရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းမန်နေဂျာရုံးနှင့် ခရိုင်ဘဏ်ခွဲတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ-ရှာဖွေတင်ပြသည်

ရောမကြီးမားသော ငါးမန်းကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်နိုင်ငံ ကန်ဆပ်ပြည်နယ်၌ သုတေသနသိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းသည် အရှည်အားဖြင့် ၁၀ မီတာရှိသည်။ သွားနှင့်မေးရိုးများ၊ ကြေးခွံများ ကောင်းစွာပါရှိသည်။ ယင်းငါးမန်းကျောက်ဖြစ်ရုပ်ကြွင်းသည် နှစ်သန်းပေါင်း ၈၉ သန်းခန့်ကရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လေ့လာတွေ့ရှိခဲ့

ယင်းငါးမန်းကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ဒီပေါတက္ကသိုလ်မှ ဒေါက်တာကင်ရှုရီမာဒါနှင့်အဖွဲ့က ဖော့တ်ဟု လူသိများသော ပင်လယ်ကြမ်းပြင် ကျောက်ဆောင်များကြားမှ လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကျက်စားခဲ့

ကန်ဆပ်ပြည်နယ်အလယ်ပိုင်းသည် ပင်လယ်ရေသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ အများဆုံးတည်ရှိရာ ဒေသဖြစ်ကြောင်း၊ အထူးသဖြင့် ပင်လယ်ရေသတ္တဝါကြီးများ ကျက်စားခဲ့ရာ ဒေသလည်းဖြစ်ကြောင်း ဒေါက်တာရှီမာဒါက ပြောကြားသည်။

ကြီးမား

အဆိုပါ ငါးမန်းကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးတစ်ခုတည်းပင် ၁ မီတာရှည်ကြောင်း၊ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုလုံး၏ အရှည်မှာ ၁၀ မီတာရှိကြောင်း၊ ယင်းမှာ တွေ့ရှိခဲ့ရသမျှ ငါးမန်းကျောက်ဖြစ်ရုပ်ကြွင်းများအနက် အကြီးမားဆုံး ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ *(အင်တာနက်)*



မိဘဂုဏ်ရည် သွေးအလှူရှင်အသင်းသားများ မန္တလေးအမျိုးသားသွေးလှူဘဏ်၌ သွေးလှူဒါန်း

နေပြည်တော် မတ် ၂

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်သို့ ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်း မအူပင်မြို့မှ ကလေးအထူးကု ဒေါက်တာ ချစ်ကိုတင် ဦးဆောင်သော မိဘဂုဏ်ရည် သွေးအလှူရှင်အသင်းသားများ လာရောက် သွေးလှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ သွေးလှူဘဏ်တာဝန်ခံဒေါက်တာ ခင်စိန်ဝင်းနှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများနှင့် သွေးလှူဘဏ်ဝန်ထမ်းများက သွေးလှူရှင်များအား စနစ်တကျ စမ်းသပ်စစ်ဆေး လက်ခံကြသည်။

ပြန်လည်ပေးအပ်

ထို့နောက် သွေးလှူရှင်အသင်း တာဝန်ခံဒေါက်တာချစ်ကိုတင်က သန့်စင်သော သွေးအိတ်၄၀ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံယူပြီး သွေးလှူရှင်တံဆိပ်၊ ဂုဏ်ပြုလွှာနှင့် သွေးလှူရှင်များအား အင်အားပြန်လည်ပြည့်ဖြိုးစေရန် အာဟာရဖြစ် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အမှတ်တရလက်ဆောင်များကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညိုမင်း၊ (တေးရေး - ဗိုလ်ကလေးတင့်အောင်)
- ၇း၄၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၂၅ ၈။ ကွန်ရက်သဖွယ် ယှက်နွယ်ထား သီရိမင်္ဂလာခုံးကျော်တံတား
- ၈း၃၀ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ **အမှန်ထင်နေသောအမှား**
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၀၅ ၇။ သီချင်းကြီးပဒေသာ
- ၅း၁၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၂၀ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၅ ၁၀။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၀၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇း၂၀ ၁၆။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၅)
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **ရေပြင်ညီမျဉ်း** နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင် ဒါရိုက်တာ-မောင်မောင်ဦး (စန်းပိုက်)
- ၂၂။ အစီအစဉ်ပြီး၏။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

ဂျပန်စစ်သင်္ဘောနှစ်စင်း အိန္ဒိယဆိပ်ကမ်းသို့ရောက်ရှိ

အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်း ကိုချီဆိပ်ကမ်းသို့ ဂျပန်စစ်သင်္ဘောနှစ်စင်း မတ် ၂ ရက်က ရောက်ရှိဆိုက်ကပ်ခဲ့ကြောင်း၊ နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အလည်အပတ်ရောက်ရှိလာခြင်းဖြစ်ကြောင်း အိန္ဒိယ ရေတပ်အရာရှိများက ပြောကြားသည်။

ချီလီ၌ အကူအညီပေးရေးဆိုင်ရာ လေယာဉ်ပျက်ကျ

အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေသော ချီလီနိုင်ငံတွင် မြို့တော်ဆန်တီယာဂိုမြို့မှ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ပျံသန်းလာသော လေယာဉ်တစ်စင်း မတ် ၂ ရက် နံနက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦး သေဆုံးခဲ့ကြောင်း ချီလီအရာရှိများက သတင်းထုတ်ပြန်သည်။

ရုရှားက ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်

ရုရှားနိုင်ငံ ဘိုင်ကိုနော အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ မတ် ၂ရက် နံနက်က ဆက်သွယ်ရေးဂြိုဟ်တု သုံးလုံးပါရှိသော ဒုံးပျံတစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် ၂၀၁၀ခုနှစ်အတွင်း ဂြိုဟ်တု ၂၄လုံးလွှတ်တင်ရန် စီစဉ်ထားကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယား တိုက်လေယာဉ်နှစ်စင်း ပျောက်ဆုံးနေ

တောင်ကိုရီးယား လေတပ်မှ အက်ဖ်-၅ တိုက်လေယာဉ်နှစ်စင်းသည် မတ် ၂ရက် နံနက်က လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်စဉ် ပျောက်ဆုံးသွားခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ ပြုံချန်မြို့အနီး တောင်တစ်တောင်နှင့်တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယား လေတပ်အရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

ဗီယက်နမ် ဆန်ဟွာပြည်နယ်၌ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဗီယက်နမ်နိုင်ငံ ဆန်ဟွာပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိကြောင်း၊ ရောဂါဖြစ်ပွားနေသော ကြက်၊ ဘဲကောင်ရေ ၉၃၀၀ခန့်ကိုသုတ်သင်ရှင်းလင်းခဲ့ကြောင်း ဗီယက်နမ် ကျန်းမာရေးအရာရှိများက မတ် ၂ရက်၌ သတင်းထုတ်ပြန်သည်။

ပြန်ပေးဆွဲထားသော ဖိလစ်ပိုင်သင်္ဘောသားများ လွတ်မြောက်လာ

လွန်ခဲ့သော နှစ်လခန့်က ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲသွားခဲ့သော ဂရိကုန်တင်သင်္ဘောတစ်စင်းမှ ဖိလစ်ပိုင်သင်္ဘောသား ၁၈ဦးတို့အား မတ် ၂ရက် နံနက်က ပြန်လွှတ်ပေးလိုက်ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

ရုရှားလေတပ် အဆင့်မြှင့်တင်မည်

ရုရှားနိုင်ငံလေတပ်ကို ခေတ်မီလေတပ်အဖြစ် အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်ပြီး လာမည့်ဆယ်စုနှစ်အတွင်း စစ်လေယာဉ်အစင်း ၁၅၀၀နှင့် ရဟတ်ယာဉ်အစင်း ၂၀၀ခန့် ထပ်မံဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ပူတင်က မတ် ၂ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပြည်ပမှဆန် ဗီယက်နမ် တင်သွင်းမည်

ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် ပြည်ပနိုင်ငံများမှနေ၍ ၂၀၁၀ခုနှစ်အတွင်း ဆန်တန်ချိန် ၅၀၀၀၀ ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးအရာရှိများက မတ် ၂ရက်၌ ပြောကြားသည်။

ဂရိသင်္ဘောလုပ်ငန်း၌ ဆော်ဒီ ရင်းနှီးမြှုပ်နှံမည်

ဂရိနိုင်ငံရှိ သင်္ဘောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်သွားမည်ဟု ဆော်ဒီအာရေဗျနိုင်ငံ အာဘူဒါဘီ သင်္ဘောလုပ်ငန်းမှ အရာရှိများက မတ် ၂ရက်၌ ပြောကြားသည်။ ယခင်က သင်္ဘောလုပ်ငန်းတွင် ၂၄ဒသမ ၉ရာခိုင်နှုန်းမှ ယခုအခါ ၇၅ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံသွားမည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပြင်သစ်နှင့်ရုရှား သဘာဝဓာတ်ငွေ့လုပ်ငန်း ပူးပေါင်းမည်

ပြင်သစ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသော ရုရှားသမ္မတ မက်ဗီဒက်ဗ်နှင့် ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီတို့သည် မတ် ၂ရက်က တွေ့ဆုံကာ သဘာဝဓာတ်ငွေ့လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။ ။

(အင်တာနက်)

ဖွံ့ဖြိုးစည်ပင်သာယာလှပနေသော မြို့ငပုတော

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း-ကိုတင်လှိုင် (မိတ္ထီလာ) ▼ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော် မတ် ၂

ဧရာဝတီတိုင်း ငပုတောမြို့သည် ပုသိမ်မှ ရေလမ်းခရီးအားဖြင့် ၂၆ မိုင်သာဝေးပြီး ကားလမ်းအားဖြင့် ၁၈ မိုင်သာဝေးသည်။

အဓိက စီးပွားရေး

ငပုတောမြို့တွင် ကျေးရွာကြီး ၂၆ ရွာရှိသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်၍ စပါး အထူးအထွက်ကောင်းသော မြို့နယ်ဖြစ်သည်။

ငပုတောမြို့ သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ငပုတောမြို့၏ မြို့တွင်းလမ်းဖြစ်သော မဏ္ဍူလမ်း ယုဇနလမ်းဆုံတွင် မြေကာနံရံတည်ဆောက်ပေးခြင်း၊ မဏ္ဍူလမ်း ခုံးတံတား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။ မြို့တွင်းလမ်းများ ချောမွေ့ကောင်းမွန်စေရေးအတွက် အမြဲမပြတ် ဆောင်ရွက်နေသည်။ ဗိုလ်တေဇလမ်းနှင့် မဂ္ဂင်လမ်းများတွင် လမ်းပေါက်ဖာထေးမှု ပေ ၇၂၀ ဆောင်ရွက်ခဲ့သည်။ လမ်းပခုံးများအား လမ်းနှင့် လိုက်လျောညီထွေ ရှိစေရန်အတွက် ညီညာစွာ ဖာထေးပြုပြင်ခဲ့သည်။ လမ်းများ ပျက်စီးမှု မဖြစ်စေရေးနှင့် လမ်းဘေးဝဲယာတွင် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် အမှိုက်များ၊ ရေဆိုးများမရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

စနစ်တကျသိမ်းဆည်း

ဈေးသန့်ရှင်းရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ဈေးဆိုင်များမှ ထွက်ရှိသော အမှိုက်များကို နေ့စဉ်သိမ်းဆည်း၍ အမှိုက်ကန်အတွင်းသို့ စနစ်တကျသိမ်းဆည်းသည်။ သားငါးတန်းများကို တစ်ပတ်တစ်ကြိမ် အဖွဲ့ပိုင် မီးသတ်စက်ဖြင့် ဆေးကြော၍ ဆေးပက်ဖျန်းခြင်း၊ ထုံးဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ငပုတောမြို့ လမ်းဘေးဝဲယာ၌ ဤသို့ ပန်းအလှပင်များ လှပဝေဆာစွာ စိုက်ပျိုးထားရှိသည်။
ဓာတ်ပုံမှတ်တမ်း-ကိုတင်လှိုင် (မိတ္ထီလာ)

မြို့သာယာလှပရေး

မြို့တွင်း သာယာလှပရေးအတွက် ယုဇနလမ်း၊ သိမ်တော်ကြီးလမ်း၊ မဂ္ဂင်လမ်း၊ ယင်းမာလမ်း၊ စိန်ပန်းလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းခြင်း၊ မြက်ခင်းအလှပြုပြင်ခြင်းတို့ကို မြက်ဖြတ်စက်ဖြင့် ဆောင်ရွက်နေသည်။ အဓိက ကမ်းနားလမ်းမကြီး အမြဲသန့်ရှင်းစေရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် လူမှုရေး အဖွဲ့အစည်းများ ပူးပေါင်းလျက် စနေနေ့တိုင်း သန့်ရှင်းရေးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ငပုတောမြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏ မုခ်ဦးကို သဘော်ဆိပ်တွင် ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-ကိုတင်လှိုင် (မိတ္ထီလာ)

အမှိုက်ကင်းမဲ့ဇုန်

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အမှိုက်ကင်းမဲ့ဇုန် စီမံချက်ဖြင့် ပလတ်စတစ်ကြွပ်ကြွပ်အိတ် ကင်းစင်ရေး စီမံချက်ရေးဆွဲကာ ရပ်ကွက် နှစ်ရပ်ကွက်အတွင်း အထူးဆောင်ရွက်နေသည်။ စွန့်ပစ် ကြွပ်ကြွပ်အိတ်များကို အဝယ်ဒိုင်များဖွင့်၍ သင့်တော်သောဈေးဖြင့် ဝယ်ယူနေသည်။

မြို့ပြ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ၊ အရိပ်ရအပင်များ စိုက်ပျိုးထားရာ မဂ္ဂင်လမ်းတစ်လျှောက်တွင် စိန်တံချူပင် ၆၀၀၊ စိန်ပန်းပုပင် ၆၀၀၊ စိန်ပန်းကြီးပင် ၆၀၀ တို့ကို စိုက်ပျိုးပြီး မြေယာရှုခင်းအဖြစ် အနံ ၅ ပေ၊ အလျားပေ ၅၀၀ တွင် ဇော်ဂျီ တောင်ဇေး၊ တပင်တိုင်၊ မြေချ စိုက်ပျိုးခြင်း ပန်းအိပင် ၃၆၀ နှင့် ရွက်လှပင် ၃၀၇၀ မြေချစိုက်ပျိုးထားသည်။

ကျန်းမာရေး

မြို့လူထု ကျန်းမာရေးအတွက် မဂ္ဂင်လမ်းနှင့် ယင်းမာလမ်းဆုံအနီး အဓိက ရေထွက်ပေါက် ပင်မမြောင်းကို အနံ ၂ပေ၊ အလျားပေ ၅၅၀ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပြီး ဗိုလ်တေဇလမ်းမှ ကမ်းနားလမ်းသို့ထွက်သော အဓိက ပင်မရေနုတ်မြောင်းမကြီး ပေ ၇၀၀ အတွင်း ပိတ်ဆို့နေသော မြေ၊ အမှိုက်များကို ရှင်းလင်း ဖယ်ရှားခဲ့သည်။ ဗိုလ်ချုပ်လမ်းမှ မဂ္ဂင်လမ်းဆုံပေါက်သို့ ဆက်သွယ်သည့် အနံ ၂ ပေ၊ အလျားပေ ၄၀၀ ရေမြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

စိမ်းလန်းစိုပြည်ရေး

မြို့သာယာလှပ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းလယ်ကျွန်းများ၊ လမ်းဘေးများတွင် ၁၂ လရာသီပတ်လုံး ဖူးပွင့်ဝေဆာနေမည့် ပန်းများကို စိုက်ပျိုးထားသည်။ ရှုခင်းသာပန်းခြံအတွင်းတွင် ပန်းအလှများ စိုက်ပျိုးထားပြီး ညပသာဒ ရှုစားရန်အတွက် ရှုခင်းသာပန်းခြံ အလယ်ပန်းခုံအဝိုင်းတွင် ညမီးအလှဆင်ထားသည်။ ယင်းမာလမ်းနှင့် မဂ္ဂင်လမ်းဆုံတွင် ၃၅ ပေ အချင်းရှိသော မြေယာရှုခင်းအဝိုင်းတစ်ခု ထားရှိကာ ပန်းအလှပင်များ ဝေဆာလှပနေသည်။

ငပုတောမြို့သည် ဝေန်မြစ်ဘေးတွင် ရှိပြီး လှေသဘော်များ သွားလာရာ ဆိပ်ကမ်းမြို့ဖြစ်ရာ မြို့ကျက်သရေကို ဆောင်သည့် ကမ်းနားလမ်းဘေးရှိ တိုက်တာအဆောက်အအုံ အိုးအိမ်များ လှပစေရေးအတွက် စီစဉ်ဆောင်ရွက်နေသည်။

ကျေးလက်ရေရရှိရေး

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ရေရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိရာ သက္ကယ်သောင်ကျေးရွာတွင် ရေကန်နှစ်ကန်၊ အုန်းချောင်းကျေးရွာတွင် ရေကန်တစ်ကန်၊ မန်ကျည်းပင်ကျေးရွာတွင် ရေကန် တစ်ကန်နှင့် သင်္ကန်းကုန်းကျေးရွာတွင် ရေကန်တစ်ကန် စုစုပေါင်း ရေကန် ငါးကန်ကို ငွေကျပ် ၈၇၇၅၀၀၀ အကုန်အကျခံ၍ ပြုပြင်ပေးခဲ့သည်။ ကျေးလက်တံတားအဖြစ် ဇမ်းချောင်းကျေးရွာ သစ်သားတံတားတစ်ခုနှင့် ကညင်ချောင်း တံတားတစ်ခု ပြုပြင် ဆောက်လုပ်ပေးခဲ့သည်။

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ ကောင်းမွန်ရေးကို အထူးဂရုပြု ဆောင်ရွက်နေသကဲ့သို့ မြို့ပြသာယာလှပရေးအတွက်လည်း လမ်းဘေးဝဲယာနှင့် ပန်းခြံများတွင် အရိပ်ရပင်များ၊ ၁၂ ရာသီ ပန်းအလှပင်များ စိုက်ပျိုးထားရာ စိမ်းလန်းစိုပြည်နေသည့် ပန်းဥယျာဉ်မြို့ကလေးပမာ ဖွံ့ဖြိုးဝေဆာလှပနေပါကြောင်း။ ။(မြန်မာ့အလင်း)

ကျေးလက်ရေရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိရာ သက္ကယ်သောင်ကျေးရွာတွင် ရေကန်နှစ်ကန်၊ အုန်းချောင်းကျေးရွာတွင် ရေကန်တစ်ကန်၊ မန်ကျည်းပင်ကျေးရွာတွင် ရေကန်တစ်ကန်နှင့် သင်္ကန်းကုန်းကျေးရွာတွင် ရေကန်တစ်ကန် စုစုပေါင်း ရေကန် ငါးကန်ပြုပြင်ပေးခဲ့။ ကျေးလက်တံတားအဖြစ် ဇမ်းချောင်းကျေးရွာ သစ်သားတံတားတစ်ခုနှင့် ကညင်ချောင်းတံတားတစ်ခု ပြုပြင်ပေးခဲ့။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မတ် ၂

လှိုင်မြို့နယ် အထက(၂) အာစရိယပူဇော်မည်

အထက(၂)လှိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

နေပြည်တော်လမ်းညွှန်စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော်ရှိ လုပ်ငန်းဌာနများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ ဆက်သွယ်နိုင်သည့် လိပ်စာများ စုံလင်စွာ ဖော်ပြထားပြီး ၂၀၁၀ခုနှစ် အစောဆုံးထွက်သည့် လမ်းညွှန်စာအုပ်ဖြစ်သော နေပြည်တော်လမ်းညွှန် (၂၀၁၀) စာအုပ်ကို ထုတ်ဝေဖြန့်ချိထားပြီဖြစ်သည်။

မန္တလေးအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

မန္တလေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန် ဆုရသူများအား ဂုဏ်ပြုပွဲကို မတ် ၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စံကားဝါလမ်းရှိ တိပိဋကကျောင်း၌ ကျင်းပမည် ဖြစ်သည်။

ဂီတကြယ်ပွင့် ရှာပုံတော်ပြိုင်ပွဲဝင် ဖိတ်ခေါ်

စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်ဒေသအတွက် ထုတ်လွှင့်ပေးမည့် ပတ္တမြား အက်ဖ်အမ်ရေဒီယိုမှ ဂီတကြယ်ပွင့်ရှာပုံတော် (မုံရွာမြို့) ပြိုင်ပွဲဝင်ရန် ဖိတ်ခေါ်ထားရာ မတ် ၁၈ရက် နောက်ဆုံးထား၍ စာရင်းပေးနိုင်ပြီး ဖုန်း-၀၉-၆၄၆၃၈၀၂ နှင့် ၀၉-၈၆၂၁၀၂၇ တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာစက်မှုပြပွဲ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည်

မြန်မာ့စက်မှုပစ္စည်းများ လူသိများစေရန်နှင့် ကုန်ပစ္စည်းသစ်များ ထုတ်လုပ်ထားမှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှကြီးမှူး၍ မြန်မာစက်မှုပြပွဲ ၂၀၁၀ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၅ရက်မှ ၇ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

အထက(၂)ကမာရွတ် မြတ်ဆရာပူဇော်မည်

၁၉၈၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အထက(၂)ကမာရွတ်၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများက မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက် နံနက် ၁၀နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

သစ်လုပ်ငန်းရှင်များအသင်း စုံညီစည်းဝေးမည်

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို နေပြည်တော် ဥတ္တရသီရိမြို့ရှိ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး၌ မတ် ၅ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာနမှ သင်တန်းများဖွင့်မည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာနမှ အခြေခံ ဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ တွင်ခုံ၊ ပိုက်နှင့် လျှပ်စစ်ဂဟေဆက် သင်တန်းများကို မတ် ၈ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက ဖုန်း-၅၉၅၄၅၀နှင့်၂၉၁၃၁၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

နွေရာသီ ပန်းချီသင်တန်းတက်ရောက်နိုင်

ကျောင်းသား ကျောင်းသူလူငယ်များနှင့် ပန်းချီဝါသနာရှင်များအတွက် နွေရာသီ ပန်းချီသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပုသိမ်လမ်း အမှတ်၂ ၌ စုံစမ်းနိုင်သည်။ ။(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

မီးဖို မီးကြွင်းမီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလတ်ကို ဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

ကုန်းကြမ်းမြို့ စိန္တာမုနိစေတီတော်မြတ်ကြီး ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၈ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်းမြို့ရှိ စိန္တာမုနိစေတီတော်မြတ်ကြီး ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ညိုသည်။

ရွှေထီးတော်

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်းကြမ်းမြို့ရှိ စိန္တာမုနိ စေတီ တော်မြတ်ကြီး ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲ အခမ်းအနားတွင် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင် မောင် မြင့် ရွှေထီးတော် သစ်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

သီလခံယူ

ရှေးဦးစွာ လောက်ကိုင်မြို့နယ် သံဃနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ပင့်သံဃာ ၁၁ပါးထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က စိန္တာမုနိစေတီတော်မြတ်ကြီးအား ရည်မှန်း၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို လောက်ကိုင်မြို့နယ်သံဃနာယက ဆရာတော်ထံ ဆက်ကပ်၍ လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပူဇော်

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စိန်ဖူးတော်ကိုလည်းကောင်း၊ ဗိုလ်မှူးချုပ် အောင်ကျော်ဇောက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီမှ ဦးလူကွယ်ချိုးက ဖွန်းသုံးဘုံကိုလည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆပ်သွားဖူးနှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို လည်းကောင်း ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည် ပူဇော်ကြသည်။

ပက်ဖျန်းပူဇော်

ထို့နောက် ဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား ပန်းရထားဖြင့် စေတီတော်ပေါ်သို့ ပင့်ဆောင် တင်လှူပူဇော်ကာ ဝန်ကြီးက စိန်ဖူးတော်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဘော်လီဘောပြိုင်ပွဲ တက်ရောက်အားပေး

နေပြည်တော် မတ် ၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မတ် ၁ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်း အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံခန်းမ၌ ကျင်းပသော ၂၀၀၉-၂၀၁၀ခုနှစ် ဆဋ္ဌမအကြိမ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလား အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အနိုင်ရဗိုလ်စွဲ

အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်တွင် ရေတိမ်ကျေးရွာအသင်းနှင့် မန်းကလိတ်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေတိမ်ကျေးရွာအသင်းက သုံးပွဲ၊ တစ်ပွဲဖြင့် အနိုင်ရရှိ ဗိုလ်စွဲခဲ့ပြီး အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် ရေတိမ်ကျေးရွာအသင်းနှင့် သရက်သုံးပင်ကျေးရွာ အသင်းတို့ယှဉ်ပြိုင်ကစားရာ ရေတိမ်ကျေးရွာအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ပထမဆုရရှိသော အမျိုးသား၊ အမျိုးသမီးအသင်းများ၏ တစ်ဦးချင်းဆုကို စွမ်းအင်ဝန်ကြီးဌာနမှ ဦးစိန်တင်ဝင်းက လည်းကောင်း၊ အမျိုးသားပထမ တံခွန်စိုက်ဆုရရှိသော ရေတိမ်ကျေးရွာအသင်းနှင့် အမျိုးသမီးပထမ တံခွန်စိုက် ဆုရရှိသော ရေတိမ်ကျေးရွာအသင်းတို့အား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီကလည်းကောင်း ဆုများကို ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တံခွန်စိုက်ဆု

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဆု ရရှိသော ရေတိမ်ကျေးရွာအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးမှုကို ထင်ဟပ်မည့်ပြပွဲ

စက်မှုသတင်း - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂

စက်မှုနိုင်ငံ ထူထောင်ရာတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်မှုက ဖော်ပြသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးမှုကို ထင်ဟပ်စေမည့် ''မြန်မာစက်မှုပြပွဲ'' ကျင်းပတော့မည်ဖြစ်သည်။

တွေ့ဆုံ

ရန်ကုန်မြို့ ''တပ်မတော်ခန်းမ''၌ မတ် ၅ရက်မှ ၇ရက်အထိ ခင်းကျင်းပြသမည့် ''မြန်မာစက်မှုပြပွဲ''ကို တာဝန်ယူ ကျင်းပမည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းမှ တာဝန်ရှိသူအချို့နှင့် မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

''ကျွန်တော်တို့ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းအနေနဲ့ ဒီပြပွဲဟာ ပထမဆုံး ပြပွဲဖြစ်ပါတယ်။ ဒီပြပွဲကို ကျင်းပရတာကတော့ မြန်မာနိုင်ငံမှ ထုတ်လုပ်တဲ့ စက်မှုထုတ်ကုန်တွေကို တစ်နေရာတည်း စုစည်းပြီး နိုင်ငံတကာအဆင့်မီ ပြသနိုင်ရန်၊ လာရောက်ကြည့်ရှုတဲ့ ပြည်သူတွေအနေနဲ့ ပြည်တွင်းဖြစ်

''နိုင်ငံတကာမှ ခင်းကျင်းပြသတဲ့ ကုန်စည်ပြပွဲတွေအတိုင်း စံနှုန်းမီအောင် ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။''

ဒေါက်တာပွင့်ဆန်း
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံစက်မှု
ကုန်ထုတ်လုပ်သူများအသင်း။

စက်မှု ထုတ်ကုန်တွေရဲ့ အရည်အသွေးကို ပိုမိုထိတွေ့ သိရှိလာစေရန်၊ လုပ်ငန်းရှင်တွေ အချင်းချင်း စီးပွားရေးဆက်သွယ်မှု ရရှိနိုင်စေရန်နဲ့ ဈေးကွက်ချဲ့ထွင်နိုင်စေရန်၊ စက်မှုဆိုင်ရာ နည်းပညာတွေနဲ့ ခေတ်မီစက်ကိရိယာတွေရဲ့ နည်းပညာအဆင့်အတန်းကို လေ့လာခြင်းကြောင့် ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေရဲ့ စံချိန်စံနှုန်းတွေ မြင့်မားလာစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်း ဖြစ်ပါတယ်''ဟု မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာ့အလင်းသို့ ပြောပြသည်။

ဈေးကွက်

မြန်မာနိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ပြည်ပဈေးကွက်များသို့ တိုးချဲ့နိုင်ရေးတို့အတွက် ယခုကဲ့သို့ မြန်မာစက်မှုပြပွဲများ ခင်းကျင်းပြသခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်မှုပင် ဖြစ်သည်။

''အခု ခင်းကျင်းပြသမယ့် မြန်မာစက်မှုပြပွဲမှာ ပြည်တွင်းစက်မှုဇုန်တွေက ထုတ်လုပ်တဲ့ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်၊ အလှကုန်၊ အိမ်ဆောက်ပစ္စည်း၊ အဝတ်အထည်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှု နည်းပညာ၊ ရေနံချောင်း စက်မှုဇုန်က ထုတ်လုပ်တဲ့ ဆိုင်ကယ်တွေ၊ စက်မှု(၁)နဲ့ စက်မှု(၂) ဝန်ကြီးဌာနက ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းတွေကို အမျိုးအစားပေါင်း ၇၀၀ခန့် ခင်းကျင်း ပြသသွားမှာဖြစ်ပါတယ်'' ဟု ဦးဇော်မင်းဝင်းက ဆက်လက်ရှင်းပြသည်။

စက်မှုဇုန်

မကြာမီ ခင်းကျင်းပြသတော့မည့် မြန်မာစက်မှုပြပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ၊ မုံရွာစက်မှုဇုန်၊ မန္တလေးတိုင်းအတွင်း စက်မှုဇုန်များမှ ထုတ်ကုန်ပစ္စည်း

''မြန်မာနိုင်ငံမှ ထုတ်လုပ်တဲ့ စက်မှုထုတ်ကုန်တွေကို တစ်နေရာတည်းမှာစုစည်းပြီး နိုင်ငံတကာအဆင့်မီပြသနိုင်ရန် ရည်ရွယ်ချက်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်။''

ဦးဇော်မင်းဝင်း
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံစက်မှု
ကုန်ထုတ်လုပ်သူများအသင်း။

များလည်း ပါဝင်ခင်းကျင်းပြသမည် ဖြစ်သည်။ ယခုပြပွဲတွင် စက်မှုလုပ်ငန်းရှင်များနှင့် ပြည်သူများအတွက် အကျိုးကျေးဇူးရှိလျှင် ယခုနှစ်ကုန်၌ မြန်မာစက်မှုပြပွဲကို ထပ်မံ ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့နောက် မြန်မာစက်မှုပြပွဲနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း အထွေထွေ အတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းကလည်း ''ပြပွဲမှာ ပြခန်းပေါင်း ၁၆၀ခန့် ပါဝင်ခင်းကျင်းပြသမှာ ဖြစ်ပါတယ်။ ပြခန်းတစ်ခန်းကို ၁၀ပေပတ်လည် ကျယ်ဝန်းပြီး မီးချောင်း၊ စားပွဲတွေ ဖြည့်ဆည်းပေးထားပါတယ်။ နိုင်ငံတကာမှ ခင်းကျင်းပြသတဲ့ ကုန်စည်ပြပွဲတွေအတိုင်း စံနှုန်းမီအောင် ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်'' ဟု ဆက်လက်ရှင်းပြသည်။

ပြပွဲကာလအတွင်း နေ့စဉ် နံနက် ၉နာရီမှ ညနေ၆နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ပြည်သူများ အခမဲ့ဝင်ရောက် လေ့လာကြည့်ရှုကာ ဝယ်ယူနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဝင် ကုမ္ပဏီကိုးခုမှ ထုတ်ကုန်များကိုလည်း တင်မိုးလွင် ဦးစီးသောအဖွဲ့က နေ့စဉ် သရုပ်ပြ မိတ်ဆက်တင်ပြပေးသွားမည် ဖြစ်သည်။

''ပြပွဲကာလအတွင်း ကုန်ပစ္စည်းတွေကို အထူးနှုန်းနဲ့ ရောင်းချပေးသွားမှာပါ။ ကျွန်တော်တို့အသင်းက စုပေါင်းပြီး ပြပွဲလာပြည်သူတွေကို ကုန်ပစ္စည်း ကံစမ်းမဲတွေ ဖောက်ပေးသွားမယ်။ ဒါ့အပြင် ပြပွဲခန်းမ အပြင်ဘက်မှာ ဖျော်ဖြေရေးစင်မြင့် တစ်ခုထားရှိပြီး ပြပွဲလာ ပြည်သူတွေကို ဖျော်ဖြေပေးဖို့လည်း စီစဉ်ထားပါတယ်''ဟု ဒေါက်တာပွင့်ဆန်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

စွမ်းအင်

ပြပွဲအတွင်း သံနှင့်သံမဏိလုပ်ငန်း၊ အီလက်ထရွန်နစ်ပစ္စည်းလုပ်ငန်း၊ ဓာတုပစ္စည်း ထုတ်ကုန်လုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်လုပ်ငန်းများက သီးခြားပြခန်းများ အထူးခင်းကျင်း ပြသကြမည် ဖြစ်သည်။

ထူးထူးခြားခြား

ထို့ကြောင့် မြန်မာစက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ ထူးထူးခြားခြား မြင်တွေ့ ဝယ်ယူလေ့လာနိုင်သည့် **''မြန်မာစက်မှုပြပွဲ''** သို့ သွားရောက် လေ့လာ သင့်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ (Myanmar Academy of Medical Science) က ကြီးမှူး၍ Biotechnology Specialty Group က ကျင်းပမည့် Biotechnology Forum ဟောပြောပွဲကို မတ် ၆ရက် (စနေနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(ဘီ)၌ ကျင်းပမည်ဖြစ်သည်။

၎င်းဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာကြည်ကြည်သင်းက Telomeres and Ageing, Telomeres and Cancer ကိုလည်းကောင်း၊ ဇီဝဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးမျိုးဝင်းက Blaming genes- how to avoid them ကိုလည်းကောင်း ဟောပြောမည်ဖြစ်သည်။ စိတ်ဝင်စားသူမည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်းရန် မလိုဘဲ အခမဲ့ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော ရေနံချောင်းမြို့ ရေခဲစက်အဝင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါ လမ်းမုခ်ဦးထိပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် အလှူရှင် ဦးကြည်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြို့လှမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၉)တွင် အပတ်စဉ်ပါနေကျဖြစ်သော Political Times အထူးအချပ်ပို အပါအဝင် ကမ္ဘာ့ပတ် စီးပွားရှာဖို့အခွင့်အလမ်း သဘော်သား တစ်ခေတ်ဆန်းတော့မှာလား မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာနောင်ဦးရေးသားသည့် ပြည်သူလူထု၏ တာဝန်နှင့် ရွေးကောက်ပွဲ၊ ဆရာစောကျော်အေး(ပန်းဘဲတန်း)၏ ကျွန်တော်သိသော ဦးဘညိမ်နှင့် သခင်တင်မြရေးတဲ့ ရဲဘော်တင်ရွှေ၊ ရဲဘော်ချမ်းအေး၊ မောင်စူးစမ်းသုံးမည်ရတို့အကြောင်းစသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်လာဖွယ်ရှိ၊ စူပါမားကတ်နှင့် အခြားစီးပွားရေးလုပ်ငန်းများ ဂျပန်က မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်စီစဉ်၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းပြုပြင်ထိန်းသိမ်းရေးဆိုင်ရာအလုပ်ရုံများ နာဂစ်ဒေသတွင် တည်ထောင်မည်၊ ဂျီအက်စ်အမ်ဖုန်းကတ်တွေ ပေါ်လာတာကောင်းသလား Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ထူးချွန်သူများနှင့် စာမေးပွဲဖြေဆိုနည်း၊ ဗီဒီယိုလောက ကျဆင်းနေတာ ဥပဒေကို လက်တစ်လုံးခြားလုပ်နေတဲ့ သူတွေကြောင့်ပါ ခန့်စည်သူနှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စင်ကာပူတွင် နိုင်ငံခြားသားအလုပ်သမားများကို စည်းကြပ်ခွန်တိုးမြှင့်မည်၊ တရုတ်အနေဖြင့် အပြောကြမ်းသော်လည်း မူဝါဒသဘောထားမူပြောင်းလဲမည်မဟုတ်၊ လှချင်နေကြသလား စင်ကာပူ ပုရိသများ၊ ချီလီတွင် ငလျင်ပြင်းထန်စွာ လှုပ်ခတ်သဖြင့် လူ ၃၀၀ကျော် သေဆုံး၊ ချက်ပြုတ်ကြော်လှော်သူတွေ သတိထား၊ လျှပ်စစ်မီးဖိုထက် ဂက်စ်မီးဖိုမှ ထွက်သောအငွေ့က ကင်ဆာအန္တရာယ်ပိုများ၊ နိုင်ငံတကာသတင်းပြိုင်ပွဲတွင် စထရိတ်တိုင်းမ်သတင်းစာမှ အကောင်းဆုံးဆု ခြောက်ဆုရရှိ၊ ယခုနှစ် ကမ္ဘာ့ဆန်ဈေးကွက် မြင့်တက်နိုင်၊ ဆယ်ကျော်သက် ဂိုဏ်းတစ်ဂိုဏ်းက စတိုးဆိုင်မှ သကြားနှင့် စီးကရက်လုယူ၊ ဆိုင်ရှင် တူဖြင့်ထုခံရသဖြင့်သေဆုံး မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဆင်ဘို နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆင်ဘိုမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံ၍ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်းပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးကာ မိမိတို့လုပ်ငန်း တာဝန်များကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် တိုင်းမှူးတို့က စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဝတ်စုံများနှင့် စာအုပ်၊ စာစောင်များကို ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဆင်ဘိုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဆင်ဘို (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံ အဆောက်အအုံနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ မော်တော်ယာဉ်ဖြင့် မြို့လှမြို့ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မြို့လှမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က စားသောက်ဖွယ်ရာများ၊ ဝတ်စုံများ၊ စာအုပ်၊ စာစောင်များနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဆေးဝါးပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မလုလျှိုဆည် ဆောင်ရွက်မည့်နေရာကိုလည်းကောင်း၊ မြို့လှမြို့ ရဲစခန်း အဆောက်အအုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မြို့လှမြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ မြို့လှမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်အဆောက်အအုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

တမံအလျား

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် သက္ကယ်ကန်ကျေးရွာအနီး မြိုင်ချောင်းကို ပိတ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြိုင်ချောင်း ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားပေ ၂၅၇၀နှင့် တမံအမြင့် ၅၇ ပေရှိသည်။ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၂၈ ဒသမ ၈၉လက်မရှိ၍ နှစ်စဉ်ပျမ်းမျှစီးဝင်ရေသည် ၃၈၃၉ ဧကပေရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၄၀၀၀ဖြစ်၍ ရေပြင်ကျယ်ဧရိယာသည် ၄၉၄ ဧကရှိသည်။ သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲဖြစ်ပြီး အကျယ် ၆၅ပေရှိသည်။ ရေဆင်းဧရိယာ ၁၇ဒသမ ၈မိုင်ရှိပြီး ကျေးရွာခုနစ်ရွာရှိ လယ်မြေဧက ၁၀၀၀ အတွက် ရေပေးသောတူးမြောင်းမကြီး အလျားသည် ၆ဒသမ၂၅မိုင် ရှည်လျားသည်။

ဆည်ရေသောက်

ဆည်ရေသောက်ကျေးရွာများမှ သက္ကယ်ကန်ကျေးရွာ၊ ကြောင်ကန်ကျေးရွာ၊ အင်ရောင်းကျေးရွာ၊ စူလီပန်းကျေးရွာ၊ ငွေးပင်လယ်ကျေးရွာ၊ သဲကျွန်းကျေးရွာနှင့် ထန်းဘုန်းတောကျေးရွာများ ဖြစ်ကြသည်။ မြိုင်ချောင်း ရေလှောင်တမံရေဖြင့် ပတ်ဝန်းကျင်ကျေးရွာများ၌ နွေစပါးစိုက်ပျိုးနိုင်ပြီကို မြင်တွေ့ခဲ့ရပါကြောင်း သတင်းမှတ်စုအဖြစ် တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

* *ရှေ့ဖုံးမှ*

အသေးစိတ်

ကားပေါ်မှဆင်းပြီး ကျိုင်းတုံဘူတာယာဒ်ဝင်း ဆောင်ရွက်ထားမှုကို လေ့လာမိသည်။ လုပ်ငန်းခွင်၌ အလုပ်များနေသည့် စီမံကိန်းအင်ဂျင်နီယာ ဦးမင်းချမ်းမွန်နှင့် တွေ့ဆုံကာ ရထားလမ်းဖောက်လုပ်မှုနှင့် ကျိုင်းတုံဘူတာလမ်းတွင် ၆၇မိုင်ရှည်သည့် မိုးနဲ-တာဆန်းလမ်းပိုင်း၊ ၇၂မိုင်ရှည်သည့် တာဆန်း-မိုင်းဆတ်လမ်းပိုင်း၊ ၈၇ မိုင်ရှည်သည့် မိုင်းဆတ် - ကျိုင်းတုံလမ်းပိုင်းတို့ ပါဝင်သည်။ ကျိုင်းတုံမြို့အနီးတွင် ကျိုင်းတုံဘူတာနှင့်အတူ မိုင်းဆတ်-ကျိုင်းတုံရထားလမ်းပိုင်း မြေသားလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-ယမ်းလုလမ်းပိုင်းတွင် ၉၅ပေ တောင်ကုန်းဖြတ် မြေလုပ်ငန်းကို မြေတူးယန္တရားကြီးများဖြင့် ဤသို့ဆောင်ရွက်နေသည်မှာ....။ (မြန်မာ့အလင်း)

တည်ဆောက်ရန် ဆောင်ရွက်နေမှုများကို မေးမြန်းရသည်။ ဦးမင်းချမ်းမွန်က အလုပ်များသည့်ကြားက ရထားလမ်းဖောက်လုပ်နေမှုအကြောင်းကို မြေပုံကားချပ်နှင့်တကွ အသေးစိတ် ရှင်းပြသည်။

"ကျိုင်းတုံဘူတာ ယာဒ်ဝင်းက မြေအကျယ်အဝန်း ၃၈ဒသမ ၃၉ဧကရှိပါတယ်။ မြေသားလုပ်ငန်းတွေကတော့ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်းအရှည် ၈၇မိုင်ကို ဖောက်လုပ်ဖို့ စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်" ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

ဆောင်ရွက်နေ

ကျိုင်းတုံ-မိုင်းဆတ် ရထားလမ်းပိုင်းမှာ မိုးနဲ-ကျိုင်းတုံရထားလမ်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ၂၂၆ မိုင်ရှည်သည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းပိုင်းမှာ ...

"ကျွန်တော်တို့ ဖောက်လုပ်နေတဲ့ မိုင်းဆတ်-ကျိုင်းတုံရထားလမ်းပိုင်းမှာ ဘူတာပေါင်း ၁၈ဘူတာနဲ့ တံတားကြီးငယ်ပေါင်း ၄၆၁စင်း တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒီလို တည်ဆောက်ရမယ့် တံတားတွေထဲမှာ ပေ ၄၀ အောက် တံတား ၄၄၅စင်း ပါဝင်နေပါတယ်။ ပေ ၄၀ နဲ့ ပေ ၁၈၀ အကြား အရှည်ရှိတဲ့ တံတားအစင်းပေါင်း ၁၀စင်း ပါဝင်ပြီး ပေ ၁၈၀ အထက် တံတားခြောက်စင်းပါဝင်ပါတယ်" ဟု ဦးမင်းချမ်းမွန်က ဆက်လက်ရှင်းပြသည်။

အခက်အခဲ

ရှမ်းတောင်တန်း၊ တောင်စွယ်နှင့် တောင်ကြောများကို ရထားလမ်းဖောက်လုပ်ရသည်မှာ အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့ရသည်။ အချို့ချိုင့်ဝှမ်းနှင့် မြေနိမ့်များတွင် မြေဖို့ရသည်မှာ အမြင့်ပေ ၁၃၀ အထိပင် ဖြစ်ကြောင်း သိရသည်။

နွေစပါး စိုက်ခင်း

မြိုင်မြို့နယ် မြိုင်ချောင်း ရေလှောင်တမံ ဆည်ရေဖြင့် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေသော ၄၅ရက်သား နွေစပါး စိုက်ခင်းကို ဖေဖော်ဝါရီ ၂၀ရက်က ဤသို့ တွေ့ခဲ့ရသည်။

(မြန်မာ့အလင်း)

င်းတုံဘူတာ
ာ်ထားမှုကို
င်၍ အလုပ်
င်ဂျင်နီယာ
တာ ရထား
း်တုံဘူတာ

လမ်းတွင် ၆၇မိုင်ရှည်သည့် မိုးနဲ-တာဆန်းလမ်းပိုင်း၊ ၇၂မိုင်ရှည်သည့် တာဆန်း-မိုင်းဆတ်လမ်းပိုင်း၊ ၈၇ မိုင်ရှည်သည့် မိုင်းဆတ် - ကျိုင်းတုံလမ်းပိုင်းတို့ ပါဝင်သည်။ ကျိုင်းတုံမြို့အနီးတွင် ကျိုင်းတုံဘူတာနှင့်အတူ မိုင်းဆတ်-ကျိုင်းတုံရထားလမ်းပိုင်း မြေသားလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။

"ကျိုင်းတုံ-မိုင်းဆတ် ရထားလမ်းပိုင်းစီမံကိန်းမှာ လက်ရှိဆောင်ရွက်နေတာကတော့ မြေသားတိုင်းခြင်း၊ မြေသားလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တံတားနှင့် မြေထိန်းလုပ်ငန်းများ၊ အဆောက်အအုံလုပ်ငန်းနဲ့ လမ်းခင်းကျောက်၊ လမ်းခင်းဇလီဖားစုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ

ရာသီမရွေး

တောင်တန်း၊ တောင်စွယ်များပေါ်တွင် ယန္တရားများဖြင့် ရထားလမ်းဖောက်လုပ်နေမှုကို တွေ့မြင်ရခြင်းအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများ ရာသီမရွေး၊ အချိန်မရွေး စိတ်အေးချမ်းသာစွာ ရထားစီး ခရီးသွားလာနိုင်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးစားဖြင့် ခရီးနှင်နိုင်တော့မည် ဖြစ်သည်။ တောင်ကြီးမှတစ်ဆင့် ပြည်ထောင်စုတစ်ဝန်းသို့ ရထားဖြင့် လွယ်ကူစွာ ခရီးသွားနိုင်မည်ဖြစ်ရာ မကြာမီကာလအတွင်း ဒေသခံ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အပြုံးပန်းဝေဝေ စီးနင်းလိုက်ပါနိုင်တော့မည်ကို မြင်ယောင် နေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

"ကျိုင်းတုံ - မိုင်းဆတ် ရထားလမ်းပိုင်းကို စတင်ဖောက်လုပ်နေပြီ ဖြစ်ပါတယ်"

ဦးမင်းချမ်းမွန်
စီမံကိန်းအင်ဂျင်နီယာ။

ကျိုင်းတုံ-မိုင်းဆတ်လမ်း ဖောက်လုပ်ပြီးစီးသွားပါက မိုးနဲ-ကျိုင်းတုံ ရထားလမ်းနှင့် ဆက်စပ်မိတော့မည်ဖြစ်ရာ တောင်ကြီးမြို့သို့ ရထားဖြင့် ခရီးနှင်နိုင်တော့မည်၊ တောင်ကြီးမှတစ်ဆင့် ပြည်ထောင်စုတစ်ဝန်းသို့ ရထားဖြင့် လွယ်ကူစွာ ခရီးသွားနိုင်မည်ဖြစ်ရာ မကြာမီကာလအတွင်း ဒေသခံ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အပြုံးပန်းဝေဝေ စီးနင်းလိုက်ပါနိုင်တော့မည်။

...ပိုင်း) ကျိုင်းတုံ-ယမ်းလုလမ်းပိုင်းတွင် ၉၅ပေ ...လုပ်ငန်းကို မြေတူးယန္တရားကြီးများဖြင့် ဤသို့ ...။ (မြန်မာ့အလင်း)

ာ်နေမှုများ
းချမ်းမွန်က
ရထားလမ်း
ကို မြေပုံ
ာ်တ် ရှင်းပြ

ာဒ်ဝင်းက
မ ၃၉၈ကေ
ုပ်ငန်းတွေ
ပြီးစီးနေပြီ
အနေနဲ့ အရ
ပိုင်းအရှည်
စတင်
ာ်ပါတယ်"
ာသည်။

ရထားလမ်း
ာားလမ်း၏
ည်။ ၂၂၆
တုံ ရထား

"ကျွန်တော်တို့ ဖောက်လုပ်နေတဲ့ မိုင်းဆတ်-ကျိုင်းတုံရထားလမ်းပိုင်းမှာ ဘူတာပေါင်း ၁၈ဘူတာနဲ့ တံတားကြီးငယ်ပေါင်း ၄၆၁စင်း တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒီလို တည်ဆောက်ရမယ့် တံတားတွေထဲမှာ ပေ ၄၀ အောက် တံတား ၄၄၅စင်း ပါဝင်နေပါတယ်။ ပေ ၄၀ နဲ့ ပေ ၁၈၀ အကြား အရှည်ရှိတဲ့ တံတားအစင်းပေါင်း ၁၀စင်း ပါဝင်ပြီး ပေ ၁၈၀ အထက် တံတား ခြောက်စင်းပါဝင်ပါတယ်"ဟု ဦးမင်းချမ်းမွန်က ဆက်လက်ရှင်းပြသည်။

အခက်အခဲ

ရှမ်းတောင်တန်း၊ တောင်စွယ်နှင့် တောင်ကြောများကို ရထားလမ်းဖောက်လုပ်ရသည်မှာ အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့ရသည်။ အချို့ချိုင့်ဝှမ်းနှင့် မြေနိမ့်များတွင် မြေဖို့ရသည်မှာ အမြင့်ပေ ၁၃၀ အထိပင် ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံဘက်ခြမ်းမှ စတင်ဖောက်လုပ်နေခြင်းဖြစ်ပါတယ်"ဟု ဦးမင်းချမ်းမွန်က ဆက်လက်ရှင်းပြသည်။

မြေသားလုပ်ငန်း

ကျိုင်းတုံ - မိုင်းဆတ် ရထားလမ်းပိုင်းကို ကျိုင်းတုံဘက်မှ စတင်ဆောင်ရွက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှု လေ့လာခဲ့သည်။ ရထားလမ်းဖောက်လုပ်ရေးအတွက် မြေသားလုပ်ငန်းကို မြေတူး၊ မြေထိုးယန္တရားကြီးများဖြင့် ခက်ခက်ခဲခဲ လုပ်ဆောင်နေမှုများကို တွေ့မြင်ရသည်။

မြေသားလုပ်ငန်းများကို ယန္တရားကြီးများဖြင့် ပြုလုပ်ရာတွင် ကျိုင်းတုံဘူတာမှ ယမ်းလုရွာအထိ ခြောက်မိုင်ခန့်ရှည်သော လမ်းပိုင်းကို ပထမဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ လောလောဆယ်တွင် လမ်းအူကြောင်းတစ်ကြောင်း ထိုးဖောက်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သည်။ မြေသားလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယန္တရား ၁၅စီး၊ Dump Truck ၂၄စီးတို့ဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်။

ဆောင်ရွက်ပေးနေမှုအပေါ် အသိအမှတ် ပြုခဲ့ရသည်။

မြေထိန်းနံရံ

ထိုမှကျိုင်းတုံဘူတာ တည်ဆောက်ရာသို့ ပြန်လှည့်လာခဲ့သည်။ ကျိုင်းတုံဘူတာယာဒ်ဝင်း နေရာသည် နမ့်ခင်းချောင်းနှင့် နီးကပ်နေသဖြင့် အလျားပေ ၁၈၀၀ရှိသော ကျောက်တုံးများ စီထားသည့် မြေထိန်းနံရံကြီးကိုလည်း ထည့်သွင်း တည်ဆောက်ထားရပေရာ သပ်ရပ်လှပစွာ ပြီးစီးနေပေပြီ။

အပြုံးပန်းဝေ

ကျိုင်းတုံ-မိုင်းဆတ်လမ်း ဖောက်လုပ်ပြီးစီးသွားပါက မိုးနဲ-ကျိုင်းတုံ ရထားလမ်းနှင့် ဆက်စပ်မိတော့မည် ဖြစ်ရာ တောင်ကြီးမြို့သို့ ရထား

ကျိုင်းတုံ - ယမ်းလုလမ်းပိုင်းရှိ ၁၀ပေ ဥမင်ပုံ အမိုးပိတ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)



နွေစပါး စိုက်ခင်း

မြိုင်မြို့နယ် မြိုင်ချောင်း ရေလှောင်တမံ ဆည်ရေဖြင့် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေသော ၄၅ရက်သား နွေစပါး စိုက်ခင်းကို ဖေဖော်ဝါရီ ၂၀ရက်က ဤသို့ တွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

မြောက်ပိုင်းဒေသများ ကွက်ကျားမိုးရွာဖွယ်

နေပြည်တော် မတ် ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၃၈ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၅၁လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၄၃လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၃၅လက်မတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်နည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၃ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဝိပဿနာအလုပ်ပေး** တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၈)
၈:၃၀ Sports World (Trial-2)
၈:၅၅ Activities in the City
- ဟသ်ာတအသင်းတိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနား
- အမက(၁၀)မှုလွန် ပညာရည်ချွန်ဆုပေးပွဲ
၉:၃၀ အားကစားမြင်ကွင်းစုံ
၁၀:၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (နတ်ဝှက်ထားတဲ့နှလုံးသား ရိုက်ကွင်း အမှတ်တရ)
၁၀:၃၅ ရိုးမနှင့်ပင်လယ်ကြား အလှများ ကြွယ်တဲ့ **တောင်ကုတ်နယ်**
၁၀:၄၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
၁၁:၂၀ Industrial Talk
၁၁:၅၅ ပြန်လည်တမ်းတ သူ့ဘဝ အနုပညာအလှ (စာပေကဏ္ဍ)
၁၂:၃၀ ခတ်ပုံထဲမှ အမှတ်တရများ (အဆိုတော် သံသာဝင်း၏ ခတ်ပုံထဲမှ အမှတ်တရများ) (အပိုင်း-၁)
၁:၀၀ **ဝိပဿနာအလုပ်ပေး** တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (ဈေးရောင်းတာကောင်းတယ်၊ ဈေးမရောင်းတာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၈)
၄:၁၀ Activities in the City
- ဟသ်ာတအသင်းတိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနား
- အမက(၁၀)မှုလွန် ပညာရည်ချွန်ဆုပေးပွဲ
၄:၄၅ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
၅:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (နတ်ဝှက်ထားတဲ့နှလုံးသား ရိုက်ကွင်းအမှတ်တရ)
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
၆:၅၅ သင်ကြားရေးလမ်းညွှန် (LASALLE College of the Arts)
၇:၂၅ ရန်ကုန်တက္ကသိုလ်ဘူမိဗေဒ ကျောင်းသားကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲ
၇:၃၀ ခတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်သံသာဝင်း၏ ခတ်ပုံထဲမှ အမှတ်တရများ) (အပိုင်း-၁)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (ဈေးရောင်းတာ ကောင်းတယ်၊ ဈေးမရောင်းတာ ကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၈)
၁၀:၀၀ ဗီဒီယိုပြခန်း
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၀ Industrial Talk
၁၁:၁၀ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသားကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲ
၁၁:၁၅ ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်
၁၁:၂၅ မန္တလာမြေရဲ့ညကို ပိုလှစေမယ့် KOSE'
၁၁:၃၅ **ရင်နှစ်ပန်းတို့ လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁၁:၄၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

UEFA European U 21 Championship Qualifier

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂:၂၅	England - Greece England - Greece	Star Sports (Live) MRTV-4 (Live)

England Friendlies 2009/2010

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	England - Egypt England - Egypt	Star Sports (Live) MRTV-4 (Live)

မြတ်ဆရာပူဇော်ပွဲသို့ တစ်ခေါက်

ခင်လေးဝတ်ရည်

ကျွန်မတို့အဖွဲ့ ရန်ကုန်မှထွက်တော့ နံနက် ၁ နာရီရှိပြီ။ ညဦးပိုင်းကတည်းက ခရီးထွက်ဖို့ တလှုပ်လှုပ်တရွရွ ပြင်ဆင်နေခဲ့ကြသည်။ ည ၁၁နာရီတွင် စမ်းချောင်း ဗားကရာလမ်းရှိ ဦးညွန့်ဆွေ၏ ရောင်ပြန်လျှပ်စစ်စတိုးရှေ့စုရပ်မှ စတင်ထွက်ခွာခဲ့ပြီး ဘိုဘိုတေးဂီတနှင့် ဝင်းပပသိန်းတန်တို့အငြိမ့်အဖွဲ့ကို လှည့်လည်ခေါ်ယူခဲ့သည်။

၃၇ဦးပါဝင်သော ကျွန်မတို့အဖွဲ့ သွားကြမှာက ဧရာဝတီတိုင်း မြန်အောင်မြို့နယ် သပြေကုန်းရွာ၏ ပညာ့ရိပ်မွန်စာကြည့်တိုက်ဖွင့်ပွဲနှင့် အထက သပြေကုန်း၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ။ ဒီခရီးကို စိတ်ကူးဖြင့် ကျွန်မ အကြိမ်ကြိမ်သွားခဲ့ဖူးပြီ။ ကျွန်မလွမ်းတခဲ့ရသော ကျွန်မ၏မွေးရပ်မြေ၊ ကျွန်မ၏ ဘိုးဘွားများ ခေါင်းချခဲ့ရာ ဇာတိမြေ၊ ကျွန်မတို့ ပြေးလွှားဆော့ကစားရင်း ကြီးပြင်းခဲ့ရသည့် ဇာတိမြေသို့ ပြန်မရောက်ဖြစ်တာကြာခဲ့ပြီ။ ပြန်ဆုံတွေ့ကြရဦးမည့် ကျွန်မ၏ ဆွေမျိုးညာတိများ၊ ငယ်ဆရာများ၊ ငယ်သူငယ်ချင်းများကို ကျွန်မလွမ်းလှသည်၊ တွေ့ချင်လှပြီ။ ထိုနည်းတူပင် ကျွန်မတို့ငယ်စဉ်ကနှင့် ခြားနားလှစွာ တိုးတက်နေပြီဖြစ်သော ကျွန်မတို့ရွာကိုလည်း ရောက်ချင်လှပြီ။

ဟိုတုန်းက သပြေကုန်းမှ ရန်ကုန်သို့လာလျှင် သင်္ဘောခရီးစဉ်ဖြင့် တစ်ညအိပ် နှစ်ရက်ခရီး၊ မီးရထားခရီးစဉ်ဖြင့်ဆိုလျှင် ည၀က်နှင့် တစ်ရက်ခရီး၊ လှည်းတစ်တန်၊ မော်တော်တစ်တန်ဖြင့် ခရီးက အဆင့်ဆင့်။ ယခုတော့ သပြေကုန်း-ရန်ကုန်ကားဖြင့် ၁၀နာရီခရီးဆိုလျှင် ရောက်ပြီ။

ဟင်္သာတမြို့ကိုရောက်တော့ နံနက်ငါးနာရီခွဲပြီ။ အိပ်မှုန်စုံမွှားဖြင့် နိုးထလာသော ဟင်္သာတမြို့ကိုတွေ့ရသည်။ ရာသီဥတုသည် ရန်ကုန်နှင့် လုံးဝခြားနားသွားပြီး ခိုက်ခိုက်တုန်အောင် အေးလှသည်။ ကားပေါ်ပါလာသူများအားလုံး ပါသမျှအနွေးထည်များ ဝတ်ဆင်ကြသည်။ ဟင်္သာတမှာ နံနက်စာစားပြီးသည်နှင့်ခရီးဆက်ကြသည်။ ဟင်္သာတမြို့မှထွက်ပြီး မကြာမီပင် ဓမ္မိတံတားသစ်ကြီးကို ကျော်ဖြတ်ခဲ့သည်။ ကားလမ်းဘေး ဝဲ၊ ယာတွင် ရှုမဆုံးလှပနေသော နေကြာခင်းများကို မြင်နေရသည်။ ပြောင်းခင်းများ၊ မြေပဲခင်းများက စိမ်းစိုလျက်။ စိမ်းစိုလှပသောမြင်ကွင်းများက ကားပေါ်မှာ ပါလာသူများအတွက် မြို့ပြ၏ မွန်းကျပ်မှုကို ပြေပျောက်စေလျက် လန်းဆန်းပျော်ရွှင်လာကြသည်။

ရွာမှ အကြိုထောက်လိုက်သော ဆိုင်ကယ်နှစ်စီးကို အင်္ဂပူမြို့အလွန်တွင် တွေ့ရသည်။ ရွာနှင့် တော်တော်နီးလာပြီ။ သပြေကုန်းရွာသို့ နံနက် ၁၀နာရီခွဲတွင် ရောက်သည်။ အထက ကျောင်းရှေ့သို့ ကားရပ်သည်နှင့် ဝမ်းသာအားရကြိုဆိုကြသော ကျွန်မတွေ့ချင်လှပြီဖြစ်သည့် သူငယ်ချင်းများ၊ ဆွေမျိုးများကို တွေ့ရသည်။ လွန်ခဲ့သောနှစ် ၂၀ခန့်က တပည့်များက ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။ ပြုံးပန်းတွေကိုယ်စီနှင့် ကြည်နူးဖွယ်မြင်ကွင်း။ တစ်ရက်ကြိုပြီး ရောက်နှင့်နေကြသော MRTV-4 အဖွဲ့သားများဖြစ်ကြသည့် ကိုကျော်ကျော်၊ နွေးနွေးအိ၊ ခိုင်ဇင်ထက်နှင့် အဖွဲ့သားများကလည်း ရွာ၏ တိုးတက်မှု အရပ်ရပ်ကို မှတ်တမ်းတင်နေသည်ကို တွေ့ရသည်။ ၂၂-၁-၂၀၁၀ ရက်နေ့ညက စာပေဟောပြောခဲ့သော **ဆရာချစ်ဦးညို၊ ဒါရိုက်တာ ကြည်စိုးထွန်းနှင့် ကဗျာဆရာသုရဇော်**တို့ကတော့ ရွှေကျင်သို့ပွဲကူးသွားပြီး မတွေ့ရတော့။ ရွာအရှေ့ မြေနုကျွန်း၏ စိုက်ခင်းများ၊ ရွာအနောက်ရှိ ရွှေရောင် စပါးခင်းများ၊ အညာဆန်လှသော ထန်းတောများနှင့် ဝန်းရံလျက်ရှိသည့် ကျွန်မတို့ရွာသည် များစွာပြောင်းလဲလျက် ရှိနေပါပြီကော။

ရွာ၏အနောက် တစ်မိုင်ကျော်ခန့်တွင် မမြချောင်းအဖျားကို ဖြတ်လျက် ဖောက်လုပ်ထားသော သပြေကုန်း သဲဖြူအုပ်စုချင်းဆက် မမြချောင်းတံတားကို ခံ့ထည်စွာတွေ့လိုက်ရသည်။ ဟိုတုန်းက မိုးတွင်းအခါ မမြချောင်းရေကို ဖြတ်ကူးလျက် သဲဖြူရွာမှ သပြေကုန်းရွာကျောင်းသို့ ကျောင်းတက်ခဲ့ကြရသည်။ ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရသည်။ ယခုတော့ **ဦးမောင်မောင်အုန်း-ဒေါ်သိင်္ဂီသိန်း(ရန်ကုန်)** တို့၏ မတည်အလှူငွေအပေါ် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုကြောင့် အချိန်တိုအတွင်း "မမြချောင်းတံတား" အကောင်အထည်ပေါ်ခဲ့ပြီ။

ကျွန်မတို့ငယ်စဉ်က ကျောင်းတက်ခဲ့ရသော မြေစိုက် တွဲဖက်အထက်တန်းကျောင်းသည် ပင်မအဆောက်အအုံများ၊ တိုးချဲ့ဆောင်များ၊ ခန်းမများ၊ ကွန်ပျူတာခန်းများဖြင့် ခံ့ထည်လျက်ရှိနေပါပြီ။ ခပ်လှမ်းလှမ်းတွင်တော့ ရွှေရတုကျောင်းဆောင်သစ်ကြီးက ဝင့်ကြွားလျက်ရှိသည်။ ၂၀၀၄ ခုနှစ်က အထက သပြေကုန်း၏ ရွှေရတုအထိမ်းအမှတ် ကျင်းပစဉ်က အုတ်မြစ်ချ တည်ဆောက်ခဲ့သည်။ ဆေးရုံ၊ ရဲစခန်း၊ တယ်လီဖုန်းဆက်သွယ်ရေးစခန်း၊ စည်ပင်သာယာဈေးတို့ဖြင့် ကျေးလက်မှသည် မြို့ငယ်အဖြစ် ပြောင်းလဲလို့ နေပါပြီ။ ရွာလယ်တာလမ်းမပေါ်တွင် ဆိုင်ကယ်၊ စက်ဘီးများက ပျားပန်းခပ်မျှ သွားလာနေကြသည်။ သပြေကုန်းပတ်ဝန်းကျင်ရှိ ရွာငယ်များမှ မြေပဲနှင့် အခြား ပဲမျိုးစုံတို့ လာရောက်ရောင်းချသည်ကို ပင်တိုင်ဝယ်ယူနေကြသော သီးနှံ အဝယ်ဒိုင်များကိုလည်း တွေ့ရသည်။ အဝယ်ဒိုင်များမှ ဝယ်ယူထားသမျှ သီးနှံများကို နေ့စဉ်တင်ပို့နေသော သပြေကုန်း-ဟင်္သာတကားများကိုလည်း တွေ့ရသည်။ ရွာ၏ အဘက်ဘက်မှ တိုးတက်နေမှုများအတွက် ဝမ်းသာပီတိဖြစ်ရပါသည်။

အထက်တန်းကျောင်း၏ ရှေ့ဘက်ခပ်လှမ်းလှမ်းနေရာတွင် "**ပညာ့ရိပ်မွန်**" စာကြည့်တိုက်တည်ရှိသည်။ ၂၃-၁-၂၀၁၀ရက်နေ့က မြန်အောင်မြို့နယ် ဥက္ကဋ္ဌ၊ မြို့နယ်၊ ခရိုင် ပြန်/ဆက်နှင့် သပြေကုန်းကျေးရွာ ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ပညာ့ရိပ်မွန်စာကြည့်တိုက်တွင် စာအုပ်ရေပေါင်း ၂၀၀၀ ကျော်ခန့်ရှိသည်။ စာကြည့်တိုက်၏ စံ(၅)ချက်နှင့် ညီညွတ်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သောခြောက်လခန့်က ရန်ကုန်မြို့သို့ ရောက်ရှိနေသော ကျောင်းသားဟောင်းများ ဦးဆောင်၍ ရန်ကုန်ရှိ စာပေတိုက်အချို့မှလည်းကောင်း၊ အခြားအလှူရှင်အသီးသီးထံမှလည်းကောင်း စာအုပ်များ အလှူခံခဲ့ကြသည်။ နှစ်စဉ် အာစရိယပူဇော်ပွဲတွင် စာပေဟောပြောပွဲကို ထည့်သွင်းခြင်းဖြင့် စာပေ၏တန်ဖိုးကို သိစေခဲ့သည်။ ထို့နောက်တွင် ရွာခံလူငယ်များ၏ ကြိုးစားအားထုတ်မှုတွင် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ပညာ့ရိပ်မွန်စာကြည့်တိုက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ စာကြည့်တိုက်တစ်ခုထူထောင်ရန် အကြံပြုဟောပြောပေးသည်သာမက စာအုပ်များ အလှူခံရန် စာပေတိုက်များနှင့် မိတ်ဆက်ကူညီပေးခဲ့သော **ဆရာချစ်ဦးညို**၏ ကျေးဇူးကို မှတ်တမ်းတင်မိသည်။

စာကြည့်တိုက်အတွင်းသို့ လှည့်ပတ်ကြည့်ရှုသောအခါ စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူထားသော **ဆရာကြီး ဦးအေးကို**၏ စနစ်ကျနမှုများကို မြင်တွေ့ရသည်။ မှန်ဗီရိုကြီးများထဲတွင် စာအုပ်များက သေသပ်လှပစွာ နေရာယူထားကြသည်။ ရပ်ရွာရှိ လူကြီးလူငယ်များ ကြိုက်နှစ်သက်ရာစာအုပ်များကို ရွေးချယ်ဖတ်ရှုရန် အဆင်သင့်ဖြစ်လျက်ရှိပြီ၊ ကောင်းလေစွ။

မွန်းတည့် ၁၂ နာရီတွင် သပြေခန်းမ၌ အာစရိယပူဇော်ပွဲ စတင်သည်။ အခမ်းအနား မစတင်မီ ဧည့်ခံခန်းမဆောင်ထဲတွင် သူငယ်ချင်းတွေ ဝမ်းပန်းတသာ ဖက်လှဲတကင်း နှုတ်ဆက်ကြ၊ ပြုံးရွှင်ကြည်နူးကြ၊ တစ်ယောက်အကြောင်း တစ်ယောက် မေးစမ်းကြနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပြန်လည်တွေ့ဆုံခြင်းကို အာစရိယပူဇော်ပွဲ၏ အနှစ်သာရတစ်ခုအဖြစ် တွေ့မြင်နိုင်သည်။ ဤအချိန်တွင် ကျွန်မတို့တစ်တွေသည် ဘ၀အမောများကို မေ့ပျောက်လျက် ပြန်လည်နုပျိုနေကြပြီထင်သည်။

စည်တော်ရွှမ်းလျက် ခန်းမဆောင်အဝမှ စင်မြင့်ထက်သို့ ကြွရောက်လာကြသော ဆရာကြီး ဆရာမကြီးများသည် အိုမင်းမစွမ်းရှိကြပြီ။ ကျွန်မတို့ ငယ်စဉ်က တပည့်များအတွက် ကြိမ်တဝင့်ဝင့်ဖြင့် မမောမပန်း သင်ကြားဆုံးမခဲ့ပုံများကို မြင်ယောင်လျက် မျက်ရည်တို့ရစ်ဝဲရသည်။ ကျွန်မ ဝမ်းနည်းနေသော်လည်း ကျေးဇူးရှင်များကို ပူဇော်ကန်တော့ရမည်မို့ ဝမ်းသာကြည်နူး မိရပြန်သည်။ ရှင်မဟာသီလဝံသဖွဲ့ဆိုခဲ့သော-

"**တိလောကဟု မရနိုင်းတူ၊ ဘက်မပြုသည်၊**

သုံးဆူရတနာ မာတာပီတ ဆရာစသား အရှင်များ"ဟူသော လင်္ကာကို သတိရမိသည်။ ဩော်-ကျောသားရင်သား မခွဲခြားဘဲ သင်ကြားပြသ ဆုံးမခဲ့သော ဆရာများပေတကား။ စင်မြင့်ပေါ်တွင် နေရာယူပြီးကြပြီဖြစ်သော ဆရာကြီး ဆရာမကြီးများကို လျှုဖွယ်ဝတ္ထုများ ကိုယ်စီကိုင်လျက် နဖူးတိုက်ဦးတိုက် ကန်တော့ခွင့်ရသောအခါ ကျွန်မ မျက်ရည်မဆည်နိုင်တော့။

ကျောင်းသားဟောင်းတစ်ဦး တိုင်ပေးသော ကန်တော့ချိုးကို ရွတ်ဆိုပူဇော်ကြရသည်။ ဆရာကြီး ဆရာမကြီးများမှ မေတ္တာဆုတွေ ပေးကြသည်။ ကျေးဇူးသိတတ်သူတို့၏ ကျေးဇူးဆပ်သော ထူးမြတ်သည့်ပွဲ၏ ကြည်နူးဖွယ်မြင်ကွင်း။

ဤပွဲကို ဆဋ္ဌမအကြိမ်တိုင် ကျင်းပနိုင်အောင် ဦးဆောင်ကြသော သပြေကုန်းမှ ကျောင်းသားဟောင်းများအဖွဲ့ကို ချီးကျူးမှတ်တမ်းတင်မိသည်။ သူတို့သည် Unity (ပေါင်းစည်းမှု) ရှိသည်။ စိတ်ဓာတ်ခိုင်မာကြသည်။ ပေါင်းစည်းမှု၏ အင်အားကို ဖော်ဆောင်နိုင်ကြသည်။ သူတို့တွင် ရပ်ရွာကောင်းကျိုးအတွက် ဆက်လက်လုပ်ဆောင်ရန် အခြားသော ရည်ရွယ်ချက်များ ရှိနေသေးသည်ကိုလည်း တွေ့ရသည်။ သူတို့သည် တောက်ပနေသော ဆီမီးတိုင်များသဖွယ် သပြေကုန်းရွာကို အလင်းရောင်ပေးနေကြပါသည်။ ကျန်ရွာသူ၊ ရွာသားအားလုံး အသိစိတ်ဓာတ်ကိုယ်စီဖြင့် ထိုအလင်းရောင်များကို ကူးယူထွန်းညှိကြမည်ဆိုလျှင် သပြေကုန်းသည် ယခုထက်ပို၍ လင်းလက်တောက်ပလာပေလိမ့်မည်။ ထိုထက်ပို၍ လောက၏ နေရာအနှံ့အပြားကိုပါ ထွန်းလင်းစေနိုင်မည်ဆိုလျှင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ပုံရိပ်သွင်ပြင်သည် ပိုမိုလင်းကျင်းတောက်ပ လာစေလိမ့်မည်။ နိုင်ငံတော်၏ ပံ့ပိုးမှုနှင့် ရပ်ရွာလူထု၏ စည်းလုံးမှုတို့ပေါင်းစပ်သောအခါ တိုးတက်အောင်မြင်ခြင်း ရလဒ်များကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပြီဖြစ်သည်။

၂၄-၁-၂၀၁၀ ရက်နေ့ ညနေပိုင်းတွင် ကျွန်မတို့အဖွဲ့ ရွာမှပြန်လည်ထွက်ခွာခဲ့ကြသည်။ ဤခရီးစဉ်တွင် ခရီးပင်ပန်းသော်လည်း ကျွန်မရင်မှာ ရွှင်လန်းလျက် အနာဂတ်အတွက် အားတက်လျက်ရှိပါသည်။ ကျွန်မစဉ်းစားမိပါသည်။ တိုးတက်သော အမြင်ရှိပြီး အမြဲလှုပ်ရှားတက်ကြွနေသော လူငယ်များသည် တည်ဆောက်လျက်ရှိသော အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် ခိုင်မာသော အုတ်မြစ်များပင် ဖြစ်ပါတော့သည်။ ။

တင်ညွန့်၏ ကမ္ဘာကျော် နိုင်ငံရေးအရုပ်တော်ပုံများ စာအုပ် ထုတ်ဝေဖြန့်ချီ

ရန်ကုန် မတ် ၂

စာရေးဆရာတင်ညွန့်၏ ကမ္ဘာကျော်နိုင်ငံရေး အရုပ်တော်ပုံများစာအုပ်ကို ထုတ်ဝေဖြန့်ချီလိုက်ကြောင်း သိရသည်။ (အောက်ပုံ)

ယင်းစာအုပ်၌ အမေရိကန်၊ အင်္ဂလန်၊ တောင်အမေရိက၊ အာဖရိကနှင့် အာရှနိုင်ငံအချို့မှ ထိပ်တန်းနိုင်ငံ့ခေါင်းဆောင်တချို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရုပ်တော်ပုံများကို နောက်ခံများနှင့်တကွ စုစည်းတင်ပြထားသည်။ စာရေးသူ လက်လှမ်းမီသမျှ အချက်အလက်များ ရှာဖွေစုစည်းပြီး ဆောင်းပါး ၁၆ပုဒ်ဖြင့် တင်ပြထားသည်။

ဖြန့်ချိ

စာရေးသူက ယခု စာအုပ်နှင့် စပ်လျဉ်း၍ "ပြည်သူတို့ ကိုယ်စိတ်နှလုံး သုံးပါးစလုံး ငြိမ်းအေးသာယာစွာဖြင့် နေထိုင် လုပ်ကိုင် စားသောက်နိုင်ရေးအတွက် ပြည်သူတို့က ပြည်သူ့ကိုယ်စား တာဝန်ပေးအပ်ခဲ့ကြသော အုပ်ချုပ်သူ လူတန်းစားဆိုသည်မှာ ပြည်သူတို့ လေးမြတ်ကြည်ဖြူ မြတ်နိုးထိုက်သူများဖြစ်ရန် လိုပါသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြည်သူတို့ကို အုပ်ချုပ်ရသူများသည် ရာထူး၊ အာဏာ၊ စည်းစိမ်တို့အပေါ် သာယာလာသည့်အခါ ဖောက်ပြန်လာတတ်ကြပုံကို သိမြင်စေခြင်းငှာ ဤစာအုပ်ကို အားထုတ်ကြည့်ခြင်း ဖြစ်ပါသည်"စသဖြင့် နိဒါန်းချီထားသည်။ အမေရိကန်သမ္မတ ဘီလ်ကလင်တန်နှင့် မော်နီကာလူဝင်းစကီးတို့၏ လိင်ကိစ္စ အရှုပ်တော်ပုံ၊ အင်ဒိုနီးရှားသမ္မတ ဆူဟာတို၏ လာဘ်ပေးလာဘ်ယူ အရှုပ်အရှင်း၊ ဖိနပ်များ၏ ဧကရီ ဘွဲ့ခံ အီမယ်လ်ဒါမားကို့စ် အစရှိသော စိတ်ဝင်စားဖွယ် ထူးခြားထင်ရှား ဖြစ်ရပ်အစုံစုံတို့ကို ဓာတ်ပုံများနှင့်တကွ ဖတ်ရှုလေ့လာရမည့် အဆိုပါစာအုပ်ကို Wisdom House အမှတ် ၁၀၁ တိုက် (၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀-၅၈၅၃၃က ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၂၅၀၀ဖြစ်သည်။ **(သတင်းစဉ်)**

(၁၈)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံကျင်းပ

နေပြည်တော် မတ် ၂

(၁၈)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များညီလာခံ ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီက မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိုးထွန်း၊ ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းနှင့် ဧည့်ခံကြိုဆိုရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်လှလှတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပါမောက္ခ ဒေါက်တာစိုးထွန်းနှင့် ပါမောက္ခ ဒေါက်တာသိန်းထွန်းတို့က ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေး

အဆိုပါ ညီလာခံတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ နား၊နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များက ဗြိတိန်နိုင်ငံမှ Dr. Robin Young ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါအဖွဲ့နှင့် ပူးပေါင်း၍ ညီလာခံအကြိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ လူနာများကို ခွဲစိတ်ကုသပေးခြင်းနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ဖတ်ကြား

ထို့အပြင် စာတမ်းရှင်များက စာတမ်း ၁၇စောင်ကို တင်သွင်းဖတ်ကြားကြပြီး ပညာပေးပိုစတာ ကိုးခုကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူမိတ်ဆွေ

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် ကြူကုတ်(ပန်ဆိုင်း)၌ လူငယ့်အားမာန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟာန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအေးဗစ်နှင့် ကြူကုတ်(ပန်ဆိုင်း)ဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ပွဲသိမ်းအမြန်ဆုံး စံချိန်သုံးခုရှင် ရန်ကြီးအောင်လက်စွမ်း ထိုင်းလက်ဝှေ့သမား ဘယ်လိုတုံ့ပြန်ယှဉ်မှာလဲ

❒ *ကျော်ဖုံးမှ*

ယခုကျင်းပမည့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးသည် သုဝဏ္ဏ ပြိုင်ပွဲရုံ၌ မြန်မာ-ထိုင်းလက်ဝှေ့သမားတို့ တတိယအကြိမ် တွေ့ဆုံယှဉ်ပြိုင်ခြင်း ဖြစ်သော်လည်း မြန်မာပြည်သို့ တစ်ကြိမ်မှ လာရောက်ခြင်းမရှိသေးသော ဗန်ကောက်မြို့ အခြေစိုက် One Song Chai (ဝမ်းဆုံချိုင်းကလပ်)မှ လက်ရွေးစင်လူငယ်များကို ဖိတ်ခေါ်ပြီး မြန်မာတက်သစ်စ လက်ဝှေ့သမားများနှင့် ယှဉ်ပြိုင်ထိုးသတ်စေခြင်းဖြစ်သည်။

ညီမျှအောင်ရွေးချယ်

ဝမ်းဆုံချိုင်းကလပ်ပိုင်ရှင် မစ္စတာ ဆုံချိုင်းသည် ဗန်ကောက်မြို့တွင် ကိုယ်ပိုင်အားကစားရုံကြီးတစ်ရုံရှိပြီး နိုင်ငံတကာ မွေထိုင်းပြိုင်ပွဲများကို တာဝန်ယူစီစဉ်နေသည့် ထိပ်တန်းပွဲသွင်းသူ တစ်ဦးဖြစ်သည်။ ၄င်းက မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားပြီး ဗန်ကောက်တွင် ပွဲစီစဉ်ရန် ကြိုးစားနေသူလည်းဖြစ်သည်။ ထို့ကြောင့် ၄င်း၏ကလပ်မှ လက်ရွေးစင်လက်ဝှေ့သမားများကို မြန်မာ့ရိုးရာလက်ဝှေ့နှင့် ထိတွေ့မှုရှိစေရန် ယခုပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင် ထိုးသတ်စေခြင်းဖြစ်သည်။ လာရောက်ထိုးသတ်မည့် လက်ဝှေ့သမားများနှင့် မြန်မာလက်ဝှေ့သမားများတို့ ဝိတ်တန်းအရရော ပညာတန်းအရပါ အတတ်နိုင်ဆုံးညီမျှအောင် ရွေးချယ်ထားကြောင်း သိရသည်။

နောက်မဆုတ်တမ်း

ပထမနေ့ မတ်၆ရက်တွင် ၅၆ ကီလိုတန်းအဖြစ်မွေထိုင်းဦးဒုံဆွပ်ပို စမ်ရန်ချိုင်း

၅၆ကီလိုတန်းတွင် ယှဉ်ပြိုင်ထိုးသတ်မည့် သပြေညို(ဘိလပ်မြေစက်ရုံ)(ဝဲ)နှင့် ဦးဒုံဆွပ်ပို စမ်ရန်ချိုင်း(ထိုင်း)။ (မြန်မာ့အလင်း)

(ထိုင်း)နှင့်ယှဉ်ပြိုင်ထိုးသတ်မည့် သပြေညို (ဘိလပ်မြေစက်ရုံ)သည် အသက် ၁၉နှစ်သာ ရှိသေးသော်လည်း ကြိုးဝိုင်းအတွေ့အကြုံ ပွဲပေါင်း ၃၀ကျော်ရှိထားပြီး ရှုံးပွဲမရှိသေးသူဖြစ်သည်။မာဂုဏ်မြင့်ပြီး ပါဝါလည်းကောင်းသလောက်နောက်မဆုတ်တမ်း ယှဉ်ပြိုင်ထိုးသတ်သည့် ရာနှုန်းပြည့်ဖိုက်တာ တစ်ယောက်လည်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၉ ဒီဇင်ဘာ နှောင်ပိုင်းက မြိုင်ကြီးငူ အထူးဒေသတွင် မွေထိုင်းစမတ် အလိတ်ကို မနားတမ်း တိုက်စစ်ဖွင့်ကာ စတုတ္ထအချီ၌ ပွဲသိမ်းခဲ့သော သပြေညိုက ယခုပွဲအတွက် အထူးတက်ကြွလျက်ရှိနေသည်။ ၆၃ကီလိုတန်းအဖြစ် ပတ်စန်ဂွန်စစ်နီ ဝပ် (ထိုင်း)နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် ရန်ဆက်နိုင် (တောင်ကလေး)သည် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် တစ်ဦးဖြစ်ပြီး ဗလာဒူးနှင့် ညာဖြောင့် လက်သီးက ပွဲသိမ်းနိုင်စွမ်းရှိသည်။ ၄င်းကလည်း မာဂုဏ်မြင့်သူ တစ်ဦးဖြစ်ပြီး အသည်းချင်းပေါက်ကာ နောက်မဆုတ်တမ်း ထိုးသတ်လေ့ရှိသူဖြစ်သည်။

အထူးလေ့ကျင့်ပေး

ယခုပွဲတွင် ပြိုင်ဘက် ထိုင်းလက်ဝှေ့သမားက ၄င်းနှင့် ဝိတ်တန်းတူသော်လည်း အရပ်သုံးလက်မခန့်မြင့်ကြောင်း သိရသည်။ ထို့အတွက် မည်သည့်တိုက်ကွက်ဖြင့် ပွဲသိမ်းရမည်ကို ၄င်း၏နည်းပြဆရာ ဘားအံကျော်စိုးက အထူးလေ့ကျင့်ပေးလျက်ရှိနေသည်။ ၆၃ ဒသမ ၅ ကီလိုတန်း၌ မွေထိုင်း ဆတ်ခွန်ဆောင်တောင် စင်ကျန်နွဲ့ (ထိုင်း)နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် ၂၀၀၉ ရွှေခါးပတ်ချန်ပီယံ အောင်ဇေယျ(ဘိလပ်မြေစက်ရုံ)သည် မွေထိုင်းတို့နှင့် ထိုင်းနယ်ဘက်၌ပင်သွားရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးပြီး သရေပွဲများ၊ အနိုင်ပွဲများဖြင့် ရှုံးပွဲမရှိမှတ်တမ်းကောင်းသူဖြစ်သည်။ ၄င်းကလည်း ၂၀၀၉မြိုင်ကြီးငူပွဲတွင် မွေထိုင်း ဒင်ဘိုဆိုင်းကို အားပါသော ညာဝိုက်လက်သီးဖြင့် တတိယအချီ၌ ပွဲသိမ်းခဲ့ဖူးသည်။

၆၃ကီလိုတန်းတွင် ယှဉ်ပြိုင်ထိုးသတ်မည့် ပြည်နယ်နှင့်တိုင်းရွှေတံဆိပ်ရှင် ရန်ဆက်နိုင်(တောင်ကလေး)(ဝဲ)နှင့် ပတ်စန်ဂွန်စစ်နီဝပ် (ထိုင်း)။(မြန်မာ့အလင်း)

ဒုတိယနေ့

ဒုတိယနေ့ မတ်၇ရက်တွင် မြန်မာ-ထိုင်းစိန်ခေါ်ပွဲ နှစ်ပွဲယှဉ်ပြိုင်မည်ဖြစ်ရာ ၅၆ ကီလိုတန်းအဖြစ် ဖယား(ခ)နွမ်းစစ်နီဝပ်(ထိုင်း)နှင့် ယှဉ်ပြိုင်မည့် စိုးလင်းဦး (တောင်ကလေး)က အသက် ၁၉ နှစ်သာရှိသေးသော်လည်း အစွယ်ချွန် အဆိပ်ပြင်းသူဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၀ ဒုတိယတန်း ဒဂုံရွှေအောင်လံကို ကွာတား၊ ဆီမီး၊ ဖိုင်နယ်ပွဲ သုံးပွဲစလုံး ပြိုင်ဘက်များကို အလဲထိုးပွဲသိမ်းကာ ရရှိခဲ့ခြင်းဖြင့် ပြသခဲ့သည်။

စိုးလင်းဦးသည် ပထမတန်းချန်ပီယံဟောင်း ဝမ်ချိုင်းနှင့် တွေ့မရှောင်တို့၏ ထိုးလုံး သတ်ပေါက်မျိုးဖြင့် အကြောက်အရွံ့မရှိဘဲ မနားတမ်း တိုက်စစ်ဖွင့်လေ့ရှိသည့်အတွက် ရိုးရာလက်ဝှေ့ပရိသတ်များ၏ နှစ်ခြိုက် အားပေးမှုကို ရရှိနေသူဖြစ်သည်။ ၇၂ ကီလိုတန်းအဖြစ် နမ်ချုတ်ပက်ဆုပါပန်(ထိုင်း)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရန်ကြီးအောင် (မြို့တော်စည်ပင်)က ကောင်တာ ဖိုက်တာသမားတစ်ဦးဖြစ်သည်။ ပါးပါးနပ်နပ် ထိုးသတ်လေ့ရှိသော ရန်ကြီးအောင်သည် မာဂုဏ်နှင့် ပါဝါအားနည်းသည်ဟု ဆိုရမည် ဖြစ်သော်လည်း ပွဲသိမ်းအမြန်ဆုံး စံချိန်သုံးခု တင်ထားနိုင်သူဖြစ်သည်။ နောက်ဆုံး စံချိန်မှာ ၂၀၀၉ မြိုင်ကြီးငူ အထူးဒေသ၌ မွေထိုင်းဖစ်ဆီးနီးကို ကိုးစက္ကန့်ဖြင့် အလဲထိုးလိုက်ခြင်းဖြစ်သည်။ ၄င်းပွဲတွင် ပွဲစစချင်း ဖစ်ဆီးနီး၏ ဘယ်ထောက် ညာဖြောင့် တိုက်စစ်အစကို

၅၆ကီလိုတန်းတွင် ယှဉ်ပြိုင်ထိုးသတ်မည့် ၂၀၁၀ ဒဂုံရွှေအောင်လံ(ဒုတိယတန်း) ချန်ပီယံ စိုးလင်းဦး(တောင်ကလေး)(ဝဲ)နှင့် ဖယား(ခ)နွမ်းစစ်နီဝပ် (ထိုင်း)။ (မြန်မာ့အလင်း)

ရန်ကြီးအောင်က ညာခြေဘေးထွက်ရှောင်ရင်း ညာတံတောင်ဖြတ် ရိုက်ချလိုက်ရာ လေးစက္ကန့်အတွင်း ဖစ်ဆီးနီး အနားတောင်းလိုက်ရသည်။ ပြန်အတည်တွင် ရတ်တရက်မဝင်ရဲဘဲ အကဲကြည့်နေသော ဖစ်ဆီးနီးကို ရန်ကြီးအောင်က လျှပ်တစ်ပြက် ထောက်ဖြောင့် တွဲလုံးပစ်သွင်းကာ ငါးစက္ကန့်အတွင်း၌ ပွဲသိမ်းလိုက်သည်။ သို့ဖြစ်၍ ယခုပွဲ၌ ရန်ကြီးအောင် မည်သို့အစွမ်းပြမည်ကို စောင့်ကြည့်ရပေဦးမည်။

၆၃ဒသမ၅ကီလိုတန်းတွင် ယှဉ်ပြိုင်ထိုးသတ်မည့် ၂၀၀၉ရွှေခါးပတ်ချန်ပီယံ အောင်ဇေယျ(ဘိလပ်မြေစက်ရုံ)(ဝဲ)နှင့် ဆတ်ခွန်ဆောင်တောင် စင်ကျန်နွဲ့(ထိုင်း)။ (မြန်မာ့အလင်း)

အဆိုပါ မြန်မာ-မွေထိုင်း ပွဲစဉ်များနှင့်အတူ ပြည်တွင်းစိန်ခေါ်ပွဲများနှင့် တစ်နေ့လျှင် ပွဲစဉ်ပေါင်း ရှစ်ပွဲစီ တင်ဆက်သွားမည်ဖြစ်သည်။ ပထမနေ့ ပြည်တွင်းစိန်ခေါ်ပွဲများတွင် မွန်ပြည်နယ်အတွင်း၌ ငှက်ပျောတော ဝင်းတင်ဟု နာမည်ကြီးနေသော လက်ဝှေ့သမားကို ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် ရွှေသိန်းအောင် (နှစ်ရှည်ဥယျာဉ်)နှင့် တွေ့ဆုံပေးထားသော ပွဲပါဝင်သည်။ ဝင်းတင်သည် ယခုအခါ ရွှေကုက္ကိုလက်ဝှေ့အဖွဲ့ကို ကိုယ်စားပြု ထိုးသတ်နေပြီး သပြေညိုနှင့် သူတင်ကိုယ်တင် ယှဉ်ပြိုင်ဘက်တစ်ဦးလည်းဖြစ်သည်။ ဂူရှူး လက်ရွေးစင် အရှေ့တောင်အာရှ ရွှေတံဆိပ်ရှင် ဟာဟုန်းအဖြစ်မှ ဇလပ်နီ (ချင်းပြည်နယ်)ဟု အမည်ခံကာ ရိုးရာလက်ဝှေ့လောကသို့ အလဲထိုးပွဲများအဖြင့် ဝင်ရောက်လာသည့် လက်ဝှေ့သမားနှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် ဒိန်း (ဖိုးရာဇာ)၊ ထစ်ချုန်း(မိုးသောက်ကြယ်) နှင့် ခိုင်လင်းဦး (တောင်ကလေး)၊ ဝီလျှံ (ရွှေကုက္ကို)နှင့် ကချင်လေး(ဘိလပ်မြေ)၊ ရဲမြတ်အောင် (ဖိုးရာဇာ)နှင့် ဝမ်ချိုး (မိုးသောက်ကြယ်)တို့ ပွဲများပါဝင်ကြသည်။

ဒုတိယနေ့တွင် ပြည်တွင်းစိန်ခေါ်ပွဲများ၌ ပြည်နယ်နှင့်တိုင်းရွှေတံဆိပ်နှင့် အကောင်းဆုံး လက်ဝှေ့သမားဆုရှင် မိုက်တိုင်ဆန် (မြို့တော်စည်ပင်)နှင့် ၄င်းနှင့် ဂုဏ်ရည်တူသူ မုန်တိုင်း (တောင်ကလေး) ၊ မြိုင်ကြီးငူ အောင်လံဆုရှင် ကညောထူး (ရွှေကုက္ကို)နှင့် ဒေါင်းသည်းချေ (ကော့ကရိတ်)၊ ရွှေခါးပတ်ချန်ပီယံ မိုးသီး (မြန်မာပြည်သား)နှင့် သိန်းညီညီ (အလင်းရောင်)၊ စိုင်းကို (ကော့သောင်း)နှင့် သီရိမောင်မောင် (တောင်ကလေး)၊ ပြည့်ဖြိုးအောင် (ကော့သောင်း)နှင့်ရဲဝင်းချစ် (မိုးသောက်ကြယ်) တို့ပွဲများ ပါဝင်သည်။

ဆက်သွယ်ဝယ်ယူနိုင်

နေ့စဉ်ပြိုင်ပွဲသို့ ပထမဦးဆုံး ရောက်ရှိလာသူပရိသတ်၁၀၀ကို အမှတ်တရ လက်ဆောင်များ ပေးအပ်မည်ဖြစ်သည်။ အထူးတန်း ငွေကျပ် ၁၀၀၀၀နှင့် ရိုးရိုးတန်းငွေကျပ်၆၀၀၀ဖြစ်ပြီး ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင် ဗီဒီယို အမှတ်၁၇၄ (မြေညီထပ်) ၃၅လမ်း အလယ် ကျောက်တံတား ဖုန်း-၃၈၇၆၅၀သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။ ပြိုင်ပွဲကျင်းပမည့်ရက်တွင် သဃ်န်းကျွန်း အသင်းတိုက်မှတ်တိုင်မှ ပြိုင်ပွဲရုံသို့ မွန်းလွဲ ၁နာရီခွဲမှစ၍ အခမဲ့ကြိုပို့ယာဉ် စီစဉ်ပေးထားမည်ဟုသိရသည်။ ။ **(မြန်မာ့အလင်း)**

လပွတ္တာမြို့နယ်၌ လက်သမား၊ ပန်းရန်နှင့်သံချည်သံကွေး သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနက ဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်း အမှတ်စဉ် (၃)ဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီခွဲတွင် ဧရာဝတီတိုင်း လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ စိုးသိန်း တက်ရောက်၍ သင်တန်းဆင်း

အမှာစကားပြောကြားပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးအားပေးသည်။ **(အောက်ဝဲပုံ)**

စီစဉ်ဆောင်ရွက်

အဆိုပါ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်း အမှတ်စဉ်(၃)ကို ဇန်နဝါရီ ၂၅ရက်မှစ၍ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး လပွတ္တာမြို့နယ်ရှိ ကျေးရွာနှင့် မြို့ပေါ် ရပ်ကွက်တို့မှ သင်တန်းသား ၅၀တက်ရောက်ခဲ့ကြကာ သင်တန်းတက်ရောက်သူများအား သင်တန်းကာလအတွင်း သင်ထောက်ကူပစ္စည်းနှင့် စားဝတ်နေရေးအခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လပွတ္တာမြို့နယ်၌ ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၁)တွင် တက်ရောက်နေသော သင်တန်းသူ ၃၀၊ အခြေခံအိမ်တွင်းမှုအထူးသင်တန်း အမှတ်စဉ်(၃)တွင် တက်ရောက်နေသော သင်တန်းသူ ၃၀တို့၏ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏ်ဝိသိဋ္ဌ ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမွှေးရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူမြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများနှင့် ၂၀၀၉ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏သားသမီးများ အမှတ်စာရင်းမိတ္တူ အထောက်အထား ပြည့်စုံစွာဖြင့် အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး နေဝင်း(ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၀၉-၅၁၄၇၉၀၄၊ ဦးဇော်လင်း ဖုန်း-၅၇၂၁၆၂၊ သီဟသုမွေ့မဏိဇေတဝန ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးသောင်းရွှေ ဖုန်း-၀၉-၈၉-၇၃၆၈၀၊ ဦးသန်းထွန်း ဖုန်း- ၅၇၁၇၅၆၊ ဦးကိုကိုအောင် ဖုန်း-၆၉၀၀၈၂နှင့် ဒေါ်ဆွေဆွေညိမ်း ဖုန်း-၅၆၀၈၇၄ တို့သို့ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

စာကြည့်တိုက် ရှင်သန်ခိုင်မာရေး အလုံပြန်/ဆက် ကွင်းဆင်း

ရန်ကုန် မတ် ၂

အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်လှုပ်ရှားမှု၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဆွေးနွေးခြင်းနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ရက်က စောရန်ပိုင် အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပညာဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဦးစီးမှူး ဒေါ်ခင်မမက စာကြည့်တိုက် ရှင်သန်ခိုင်မာရေး၊ စံ(၅) ချက်နှင့်ညီညွတ်ရေးလုပ်ငန်းများကို ဆွေးနွေးဟောပြောပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မြင့်က စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပညာဘဏ် စာကြည့်တိုက်သို့ စာအုပ်စာစောင်မျိုးစုံ အုပ် ၂၀၀ကို ပေးအပ်လှူဒါန်းရာ စောရန်ပိုင် ရပ်ကွက်ဥက္ကဋ္ဌက လက်ခံယူသည်။ **(အပေါ်ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ကမ္ဘာ့အထူးခြားဆုံးပစ္စည်းများ ကမ္ဘာ့အထူးခြားဆုံးပစ္စည်းများ ကမ္ဘာ့အထူးခြားဆုံးပစ္စည်းများ ကမ္ဘာ့အထူးခြားဆုံးပစ္စည်းများ

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

ကမ္ဘာ့နိုင်ငံအချို့တွင် ထူးထူးခြားခြား အရွယ်အစားကြီးမားသည့်ပစ္စည်းများကို စိတ်ကူးတီထွင်ထုတ်လုပ်ထားကြသည်ဖြစ်ရာ ယင်းတို့အနက်မှ ထူးခြားသည့်ပစ္စည်း အချို့ကို ဖော်ပြလိုက်ရပါသည်-

ကမ္ဘာ့အကြီးဆုံး ဂီတာ

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ လောင်းယာဒ်ဟိုတယ်ရှေ့တွင် ပြသထားသည့် ဖိုင်ဘာဖြင့်ပြုလုပ်ထားသော ဂီတာကြီးမှာ အရှည်ပေ ၄၀၊ အလေးချိန်ပေါင် ၁၀၀၀ ကျော်ရှိသည်။ ယင်းဂီတာကြီးမှာ ကျေးလက်တေးဂီတပညာရှင် ဆလမ်ဒက်တီက ပြုလုပ်ထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးဂီတာအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး နာနတ်သီးရုပ်တု

ကနေဒါနိုင်ငံ တိုရွန်တိုမြို့အနောက်ပိုင်းတွင် သစ်သားဖြင့်ပြုလုပ်ထားသော နာနတ်သီးရုပ်တုကြီးတစ်လုံးမှာ အမြင့် ၄၈ ပေရှိပြီး အလေးချိန် တန် ၂၀ခန့်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံးနာနတ်သီးရုပ်တုကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ယင်းနာနတ်သီးကြီးကို ပြုလုပ်ရခြင်းမှာ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်မှု တစ်ရပ်အဖြစ်လည်းကောင်း၊ စိုက်ပျိုးသီးနှံထွက်ကုန်များအတွက် ဈေးကွက်ဆွဲဆောင်မှု အဖြစ်လည်းကောင်း ပြုလုပ်ခြင်းဖြစ်သည်။ (အောက်ပုံ)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ရေနွေးကရား

အီတလီနိုင်ငံ မီလန်မြို့တွင် ခင်းကျင်းပြသထားသည့် ဖိုင်ဘာဖြင့်ပြုလုပ်ထားသော ရေနွေးကရားကြီးတစ်လုံးမှာ အမြင့် ခုနစ်ပေ၊ အချင်း၀က် ခြောက်ပေရှိသည်။ ယင်းရေနွေးကရားကြီးသည် ကော်ဖီ ၈၂၇၇ ခွက် ထည့်ဝင်နိုင်သည်။ ရေထည့်လျှင် လီတာ ၂၀၀၀ ဆံ့သဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးရေနွေးကရားအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)** **(အင်တာနက်ဓာတ်ပုံ)**



ဘ၀အမောပြေ — ဒီဆေးပါပဲ

တစ်ခါက လူနာတစ်ဦးနေမကောင်း၍ ဆေးခန်းသွားပြသည်။ ဆရာဝန် ရောက်မလာသေး၍ စာရေးမတစ်ဦးနှင့်တွေ့သောအခါ-

စာရေးမ ။ ။ ဘာဖြစ်ပါသလဲရှင်။
လူနာ ။ ။ ဗိုက်အောင့်နေတာပါ။
စာရေးမ ။ ။ ဒါဆို ခဏစောင့်လိုက်ဦးနော်။ ဆရာဝန်လာပါတော့မယ်။
လူနာ ။ ။ ဆရာဝန်စောင့်ရတာ နှစ်နာရီတောင်ရှိသွားပြီ။ မစောင့်နိုင်တော့ဘူး။
စာရေးမ ။ ။ ဒါဆိုလဲ ဒီဆေး သုံးထုပ် ယူသွားပါ။ ဆရာဝန်နဲ့တွေ့လည်း ဒီဆေးပဲပေးမှာမို့လို့ပါ။
လူနာ ။ ။ ''ဗျာ....''

ဘ၀ဒဿန

Two Kinds of men never get aheadthose who do only what they are told to do and those who will not do what they are told to do.

မည်သည့်အခါတွင်မှ မကြီးပွား မတိုးတက်သူ လူနှစ်မျိုးနှစ်စားရှိသည်။ ခိုင်းသလောက်ကိုသာ လုပ်သည့်လူစားနှင့် နောက်တစ်မျိုးမှာ ခိုင်းသည့်အလုပ်ကို မလုပ်သော လူစားဟူ၍ ဖြစ်သည်။ (ရှိတ်စပီးယား)

ဘယ်ရပ်ဘယ်ဆီဘယ်ဌာနီသို့ မြန်းလေမည်နည်း

နိုင်ငံတကာမှုခင်း

''ယုတ်မာမှုနှင့် ဆိုးသွမ်းမှု''
''ဗီဇနှင့် စရိုက်''

ဤမည်သောဝေါဟာရများကား အမြွာပူး ဝေါဟာရများဖြစ်၏။ သဘောတရားရေးဆိုင်ရာ ဆွေမျိုးရင်းခြာများလည်းဖြစ်၏။ ဤအမြွာပူး ဝေါဟာရများသည် တစ်ခုနှင့်တစ်ခု ''တူမယောင်နှင့်ကွဲ၏''။ ''ဆင်မယောင်နှင့် လွဲ၏''။ သရုပ်ခွဲပြီး အဓိပ္ပာယ်သတ်မှတ်ရန် အလွန်ခက်လှပါဘိ။

အနှစ်သာရချင်းကား တခြားစီ။

ဤသည်ကို ခွဲခြမ်းစိတ်ဖြာ အဖြေရှာပေးရန်မှာ ဒဿနပညာရှင်များ၏ အလုပ်။ အလုပ်ပေးလိုက်ချင်သည့် ဇာတ်လမ်းလေး တစ်ပုဒ်ကား-

အရပ်ကရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း။ ဆံပင်ရောင်က ရွှေရောင်ဖျော့ဖျော့၊ အုန်းခွံရောင်။ ရုပ်ရည်က ခပ်သန့်သန့်။ အပြောအဆိုက ညက်ပါဘိသနှင့်၊ အမူအရာက သိမ်မွေ့သလားမမေးနှင့်။

လူငယ်လေးတစ်ဦး

သူကား အခြားသူမဟုတ်။ ဂျက်ဖရီဒါးမားဆိုသူပင်။ သူသည် ၁၉၉၁ ခုနှစ် မေ ၂၇ရက်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက် မတိုင်မီအထိ လူသတ်မှုများ ဆက်တိုက် ကျူးလွန်ခဲ့သူဖြစ်၏။ သူသတ်ခဲ့သည့် သားကောင်များအနက် ၁၃ဦးမြောက် သားကောင်မှာ အသက် ၁၄နှစ်အရွယ်ရှိ ကွန်နီရက်စင်သာ ဆွမ်ဖုန်းဆိုသူ အာရှမျိုးနွယ် လူငယ်လေး ဖြစ်၏။ သူ့ကို ကွန်နီရက်ဟု လူသိများ၏။ ကွန်နီရက်သည် ၁၉၈၉ခုနှစ်က ဒါးမားကိုယ်တိုင် လက်ရောက်စော်ကားပြီး ဗလက္ကာရပြုခဲ့သည့် လူငယ်တစ်ဦး၏ ညီငယ်လေးတည်း။

သိပြီးသားဖြစ်မည့် ဇာတ်လမ်းကို အကျဉ်းချုံး ပြောရပါလျှင်-

တစ်နေ့သော နံနက်စောစောပိုင်းတွင် လူငယ်လေးကွန်နီရက်သည် အဝတ်အစားမပါ ကိုယ်ဗလာဖြင့် လမ်းပေါ်တွင် ဦးတည်ရာမဲ့လျှောက်သွားနေ၏။ သူ့ကို ဆယ်ကျော်သက်အရွယ် အမျိုးသမီးနှစ်ဦးက ကယ်တင်ခဲ့၏။ နီးစပ်ရာ ဆေးအကူကို ခေါ်ပြီး ဆေးကုသပေး၏။ ရဲကိုလည်း အကူအညီတောင်း၏။ ဂျက်ဖရီဒါးမားဆိုသူလည်း ရောက်လာ၏။ မရှေးမနှောင်းမှာပင် ရဲအရာရှိနှစ်ဦးလည်း ရောက်လာ၏။ စုစုပေါင်း ခြောက်ဦးရှိလေပြီ။

ဆေးခတ်ခံထား

ဒါးမားက ရဲများကို ''ကွန်နီရက်သည် သူမြတ်နိုးသည့်ချစ်သူဖြစ်ကြောင်း၊ သူသည် အလွန်အကျွံမူးနေကြောင်း၊ ဆေးခတ်ခံထားရပုံပေါက်ကြောင်း'' ပြောပြသည်။ ထို့နောက် ဒါးမားနှင့် ကွန်နီရက်တို့ ရန်ဖြစ်ကြသေးသည် ဆိုပဲ။

ထိုအခြေအနေမျိုးတွင် ရဲများက ဒါးမားနှင့် လူငယ်ကွန်နီရက်ကို ဒါးမား၏ တိုက်ခန်းသို့ ခေါ်သွားသည်။ ဆယ်ကျော်သက် အမျိုးသမီးပျိုနှစ်ဦးက ခေါ်မသွားရန် အကြောက်အကန် တားမြစ်သေးသည်။ သို့သော် ရဲများက လက်မခံ။

ရဲများရောက်မလာမီက လူငယ်ကွန်နီရက်က ဒါးမားကို ခုခံတွန်းလှန်သည်ကို ထိုအမျိုးသမီးပျိုနှစ်ဦး မျက်မြင်ကိုယ်တွေ့ကိုး။

ဒါးမား၏တိုက်ခန်းကား အထူးပင်သန့်ရှင်းသပ်ရပ်နေသည်။ နေချင့်စဖွယ်ပင် ကောင်းနေသေးတော့သည်။ သို့သော် ညှီစို့စို့အနံ့များကား တထောင်းထောင်းနံနေသည်။ ဒါးမားက ဩဇ္ဇဝတ်ပျူငှာ ညင်သာစွာဖြင့် ဩဇ္ဇခံသည်။ တကယ့်လူကောင်းပကတိ ပုံစံမျိုး။

ရဲများက ဒါးမားကို ယုံကြည်စိတ်ချစွာဖြင့် အထူးတလည် စစ်ဆေးမေးမြန်းမနေတော့ဘဲ ကွန်နီရက်ကို ဒါးမား၏ အုပ်ထိန်းမှုအောက်တွင်ပင် ထားရစ်ခဲ့လေတော့၏။ စိတ်ချလက်ချပင်။

သို့သော် ရဲများပြန်သွားပြီး မကြာမီ နာရီပိုင်းအတွင်းမှာပင် ဒါးမားက ကွန်နီရက်ကို ကွပ်မျက်လိုက်တော့သည်။ ကွန်နီရက်၏အလောင်းကို ဒါးမားက သူ့လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်လိုက်ချေပြီ။

လွတ်သွားသူ

၁၉၉၁ခုနှစ် ဇွန်လနှင့် ဇူလိုင်လတွင် ဒါးမား၏လူသတ်မှုအရှိန်မြင့်လာခဲ့တော့၏။ ဇူလိုင် ၂၂ရက်မတိုင်မီအထိ ရက်သတ္တတစ်ပတ်လျှင် တစ်ဦးနှုန်း သတ်ဖြတ်နေတော့သည်။ ဇူလိုင် ၂၂ ရက်တွင်မူ ဒါးမားသည် သူ၏ ၁၈ဦးမြောက် သားကောင်ကို ထိန်းချုပ်မထားနိုင်သည့် အနေအထားကြောင့် ထိုသားကောင် လွတ်ထွက်သွားသည်။ လွတ်သွားသူအမည်က ထရေစီ အိဒွပ်။

လွတ်လာသည့် ထရေစီအိဒွပ် အပြောအရဆိုလျှင် ဒါးမားက လက်ထိတ်ခတ်ထားရန် ကြိုးစားသည်။ ထိုအချိန်တွင် လွတ်မြောက်အောင် ရုန်းကန်ထွက်ပြေးခဲ့သည်။ ညသန်းခေါင်ယံအချိန်တွင် ရဲများ တွေ့ရှိသွားသည်။ အိဒွပ်တွင် လက်ထိပ်ကြီး တန်းလန်းနှင့်ဖြစ်သည်။ လက်ထိတ်ကြိုးသည် သူ၏လက်ကောက်ဝတ်မှ တွဲလောင်းကျနေသည်။ အိဒွပ်သည် အာဏာပိုင်များ လက်မှ ထွက်ပြေးလာသည်ဟု ရဲက ယူဆပြီး အိဒွပ်ကိုတားသည်။ အိဒွပ်က ရဲကို ကောက်ခါငင်ခါပြောပြသည်မှာ ဂျက်ဖရီဒါးမားနှင့် ရင်ဆိုင်ခဲ့ရပြီး ရုန်းကန်တိုက်ခိုက်ခဲ့ရကြောင်း။ ထိုအခြေအနေများအားလုံးကို ရဲများအား ပြောပြပြီးနောက် အားလုံးကို ဒါးမား၏နေအိမ်ဆီသို့ ခေါ်သွားလေပြီ။

တွေ့ရှိသွား

ဒါးမားက ရဲများကို တံခါးဖွင့်ပေးသည်။ ရဲတို့မေးမြန်းသမျှ တည်တည်ငြိမ်ငြိမ် ဖြေသည်။ အိဒွပ်လက်ထိတ်ဖြေပေးရန် ဒါးမားက သော့ပေးလိုက်သည်။ ထို့နောက် အခန်းထဲသို့ ဝင်သွားကြသည်။ ရဲအရာရှိတစ်ဦးက ဒါးမားနှင့်အတူ လိုက်သွားသည်။ ရဲအရာရှိက အခန်းထဲရောက်သည်နှင့် တစ်ပြိုင်နက် အခန်းတစ်ဝိုက်ကို ဖျတ်ခနဲ ဝေ့ကြည့်လိုက်သည်။ ထိုအခါ လူသေအလောင်းများ အစိတ်အပိုင်းများဟု ယူဆရသော ဓာတ်ပုံများကို တွေ့ရသည်။ ထို့အပြင် လူ့ဦးခေါင်းခွံများ အပြည့်ထည့်ထားသော ရေခဲသေတ္တာတစ်လုံးကိုလည်း ရဲက တွေ့သွားပြီ။

ထိုအခါ ရဲက ဒါးမားကိုချုပ်ထားရန် ဆုံးဖြတ်လိုက်ပြီး လက်ထိတ်ခတ်လိုက်တော့သည်။ ဒါးမား၏ ပြောပုံဆိုပုံ ကိုယ်နှုတ်အမူအရာ သိမ်မွေ့တည်ငြိမ်မှု ပျောက်သွားပြီး ရဲကိုရန်မူတိုက်ခိုက်ရန် ကြံစည်သည်။ သို့သော် ဒါးမား ထွက်ပြေး၍မရတော့။

ရာဇဝတ်မှုမှတ်တမ်း

ရဲတို့သည် လက်ထိတ်ခတ်ထားသည့် ဒါးမားနှင့်အတူ အခန်းထဲ၌ ရှာဖွေမှုများ ပြုလုပ်သည်။ စစချင်း ရုတ်တရက်တွေ့ရသည်မှာ လူ့ဦးခေါင်းခွံနှင့် အခြားလူသေအလောင်း အစိတ်အပိုင်းမျိုးစုံအပါအဝင် ဒါးမားကျူးလွန်ခဲ့သမျှ ရာဇဝတ်မှုမှတ်တမ်း ဓာတ်ပုံများ။

ပြစ်မှုဆိုင်ရာ သက်သေခံမြင်ကွင်းများကား-

လူ့ဦးခေါင်းနှင့် လူ့အင်္ဂါအစိတ်အပိုင်းများထည့်ထားသော အိတ်သုံးလုံး၊ ရေခဲသေတ္တာနှင့် ထည့်ထားသည့် အသည်းနှလုံးနှစ်ခု။ ဖွင့်ထားသည့် ရေခဲခံသေတ္တာအတွင်း ထည့်ထားသည့် ဦးခေါင်းသုံးလုံး၊ လူ့ခန္ဓာရင်အုပ်ပိုင်း သက်သက်တစ်ခုနှင့်ခန္ဓာကိုယ်အတွင်းပိုင်းရှိ အစိတ်အပိုင်းမျိုးစုံ။

စတိုခန်းတွင် တွေ့ရသော ဓာတုဗေဒပစ္စည်းများ၊ သက်ရှိတို့၏ ရုပ်ကလာပ်တာရှည်ခံအောင် ရေနှင့်ရောစပ်ရသော အနံ့ပြင်း အရောင်မဲ့ ဖော်မယ်ဒီဟိုက် ဓာတ်ငွေ့ဘူး၊ အရောင်ခွဲအီသာဆေးရည်နှင့် ကလိုရိုဖောင်းမေ့ဆေးများ အပါအဝင် လူ့ဦးခေါင်းခွံနှစ်ခု၊ လက်နှစ်ချောင်းနှင့် ယောက်ျားလိင်အင်္ဂါတစ်ခု။

အသတ်ခံထားရသူ

ဗီရိုထဲတွင် ထည့်ထားသည့် ဆေးသုတ်ထားသော လူ့ဦးခေါင်းခွံသုံးလုံး၊ လူ့အရိုးစု(အရိုးပဒေသာ)တစ်ခု၊ ဆံပင်ပါသော ဦးရေခွံတစ်ခု၊ ယောက်ျားလိင်အင်္ဂါတစ်ခုနှင့် အသတ်ခံထားရသူများ၏ ဓာတ်ပုံမျိုးစုံ....။

သဘောပေါက်

ဦးခေါင်းခွံနှစ်ခု ထည့်ထားသော သေတ္တာတစ်လုံး၊ ၅၇ ဂါလန်ဆံ့ စည်ပိုင်းထဲတွင် ထည့်ထားသော အက်ဆစ်နှင့် လူ့ရင်အုပ်ပိုင်းသုံးခု၊ အသတ်ခံရသူတို့၏ မှတ်ပုံတင်ကတ်များ၊ လူ့ဦးခေါင်းခွံနှင့် အရိုးများကို ဆေးကြောသန့်စင်သည့် အရောင်ချွတ်ဆေးများ၊ ဒါးမား၏ တိုက်ခန်းမှ အပုပ်နံ့များရသည်ဟု အိမ်နီးချင်းများက မကြာမကြာ မကျေမနပ် ပြောဆိုကြသဖြင့် အသုံးပြုသည့် အမွှေးတိုင်များ၊ ဆိတ်ချို၊ တူ၊ လက်ထိုးလွှ၊ ၃/၈ လက်မလွန်ပူ၊ ၁/၁၆ လက်မလွန်ပူ၊ အခြားလွန်ပူအစအနများ၊ ဆေးထိုးအပ်တစ်ချောင်း၊ ဗီဒီယိုဇာတ်လမ်းမျိုးစုံ အခွေများ၊ (အချို့မှာ ညစ်ညမ်းခွေများ)၊ ဂိမ်းဘုရင်၏ သမ္မာကျမ်းစာအုပ်၊ ဤမျှဆိုလျှင် ဂျက်ဖရီဒါးမား၏ အခြေအနေကို ရှင်းရှင်းလင်းလင်းသိရှိ သဘောပေါက်လောက်ပါပြီ။

မြေကြီးလက်ခတ်မလွဲ

သူ့ကို ရဲများက လက်ထိတ်ခတ်ကာ သူဦးတည်ရမည့် ခရီးပန်းတိုင်ဆီသို့ ခေါ်သွားတော့မည်မှာ မြေကြီးလက်ခတ်မလွဲပါ။

သူတို့၏ ဇာတ်လမ်းကို တစ်ခန်းရပ်ပြီး စကားဖြတ်ကြဦးစို့။ **''မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မှာပါ။ ကောင်းတာ လုပ်ခဲ့ရင်တော့ ကောင်းတာပဲဖြစ်လေမှာပေါ့နော်''။ ။**

ကိုးကား-အင်တာနက်

ဆွေ စုစည်းသည်

ပဲခူးတိုင်း အုတ်ဖိုတွင် ဒစ်ဂျစ်တယ် အိတ်ချိန်းဖွင့်

အုတ်ဖို ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့တွင် ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းအိတ်ချိန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် မွန်းတည့် ၁၂နာရီက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းရုံးရှေ့၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ အတွင်းရေးမှူး ဦးမောင်မောင်အောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်၊ မြန်မာ့ဆက်သွယ်ရေး တိုင်းမန်နေဂျာ ဦးနိုင်ကိုကိုနှင့် ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အထိမ်းအမှတ်

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စီမံကိန်းအင်ဂျင်နီယာ ဦးခင်မောင်တင့်က အော်တိုအိတ်ချိန်း အချက်အလက်များကို ရှင်းလင်းတင်ပြ၍ အော်တိုအိတ်ချိန်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ချိုက ကျေးဇူးတင်စကား ပြောကြားပြီး ကော်မတီဥက္ကဋ္ဌ ဦးကြည်လွင်က အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးနိုင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါ အော်တိုတယ်လီဖုန်းအိတ်ချိန်းမှ တယ်လီဖုန်းအလုံးရေ ၅၀၀တပ်ဆင်ပြီး ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ဇီဝလုံခြုံမှုဟောပြော

မိုးညှင်း ဖေဖော်ဝါရီ ၂၇

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဇီဝလုံခြုံမှု ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၉ရက် မွန်းတည့် ၁၂ နာရီက နန်းမားကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁နာရီက ဟိုပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ လည်းကောင်း အသီးသီးကျင်းပသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းဦးက ဇီဝလုံခြုံမှုအကြောင်း ပညာပေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်းဖြစ်သော ကျောက်တံခါးမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရမည်းသင်း ဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်

ရမည်းသင်း ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်း ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာသို့ အလှူရှင်များက ငွေပဒေသာပင်စိုက်ထူရေး၊ ရုံးခန်းနှင့် ဆေးပေးခန်း ဆောက်လုပ်ရေးတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၁၁နာရီက ဘိုးဘွားရိပ်သာဩဇာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက ငွေလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ ခရိုင်ရဲတပ်ဖွဲ့က ငွေကျပ်တစ်သိန်း၊ သူရိန်နိုင်(၂) ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီပိုင်ရှင် ဦးမန်းစိန်-ဒေါ်မာလာမိသားစု ရမည်းသင်းမြို့က ငွေကျပ်ငါးသိန်း၊ ရုံးခန်းနှင့် ဆေးပေးခန်းဆောက်လုပ်ရေးအတွက် ဝါတိုးဈေးကုန်းရပ်နေ နှစ်ဖက်မိဘများနှင့် ခင်ပွန်းဖြစ်သူ ဦးချိန်ခေးတို့အားရည်စူး၍ ဒေါ်လှလှ၊ သား ကိုမြဟန်၊ ကိုသန်းထွဋ်မိသားစု ရမည်းသင်းမြို့တို့က ငွေကျပ် ၁၈၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးရွှေ၊ ဘဏ္ဍာရေးမှူး ဦးစံတင့်နှင့် အဖွဲ့ဝင်ဦးဘိုးစိန်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်သွယ်လှူဒါန်း

ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေနှင့် ကျွေးမွေးစောင့်ရှောက်ရေး လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးရွှေ ဖုန်း-၀၉-၂၀-၇၄၂၃၆၊ ဘဏ္ဍာရေးမှူး ဦးစံတင့် ဖုန်း-၀၉-၂၀-၇၃၆၂၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၁၆၉)**

ဟိုမိန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အောင်သပြေလမ်းနှင့် ဗျူဟာလမ်းဆုံရှိ မြေယာရှုခင်း ဆောင်ရွက်မည့်နေရာကို မြို့တာဝန်ခံဦးဝင်းမင်းသက်က အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးအား ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်၌ ကျေးရွာစာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်း

ကျောက်ဆည် ဖေဖော်ဝါရီ ၂၂

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေး၊ စာငှားကတ်၊ စာငှားစနစ်ဖြင့် ငှားရမ်းနိုင်ပြီး စံ(၅)ချက်နှင့်ပြည့်စုံညီညွတ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ပေးအပ်လှူဒါန်း

ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် တိုးပွားရေးအတွက် စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားများကို ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ကျင်းပခဲ့ပြီး ရရှိလာသော သတင်းစာ၊ စာအုပ်၊ ဂျာနယ်စာစောင်များ၊ သုတရသစာအုပ်အမျိုးမျိုးကို ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတရသစာအုပ်မျိုးစုံ၅၀စီ ပေးအပ်လှူဒါန်းခဲ့ရာ ကျေးရွာပေါင်း ၃၀တွင် စာအုပ်ပေါင်း ၁၅၀၀လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ဆင်ပေါင်ဝဲမြို့နယ် ဝန်ကုန်းရွာ၌ကျင်းပ

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၄

ဆင်ပေါင်ဝဲမြို့နယ် ဝန်ကုန်းကျေးရွာ ရွှံ့ကြယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၁၁နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်က ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ဝန်ကုန်းကျေးရွာ ရွှံ့ကြယ်စာကြည့်တိုက်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ သုတရသစာအုပ်မျိုးစုံ ၂၁၅အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ် ရေမြစ်ကြီး ကျေးရွာနှင့် ကင်းစိုးကျေးရွာ ကျေးရွာချင်းဆက်လမ်းအား စက်ယန္တရားဖြင့် မြေသားတိုးချဲ့၍ ရေမြောင်းတူးဖော် ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၇ရက်က အင်ဂျင်နီယာမှူး ဦးနေမျိုး ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဟန်နိုင်ထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အရှေ့ပိုင်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော၊ သရုပ်ပြ

ပဲခူး ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းစခန်း တာဝန်ခံများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ပဲခူးမြို့ အော်တိုအိတ်ချိန်းဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉နာရီက ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပဲခူးတိုင်း(အရှေ့ပိုင်း) တိုင်းမန်နေဂျာစောထူးသာက အဖွင့်အမှာစကားပြောကြားသည်။

သရုပ်ပြ

ထို့နောက် ပဲခူးတိုင်း မီးသတ်တပ်ဖွဲ့၊ တိုင်းဦးစီးဌာနမှူး ရဲသူရိန်လှမြင့်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြောပြီးနောက် ပဲခူးမြို့နယ်မီးသတ်တပ်ဖွဲ့ တပ်စုမှူးဦးမောင်ညွန့်က မီးသတ်ဆေးဘူးများနှင့် လက်တွေ့မီးငြိမ်းသတ်မှုကို သရုပ်ပြကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ



ဒါန်းဒေါင့်ကျေးရွာ၌ စက်ရေတွင်းတူးဖော်

အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒါန်းဒေါင့်ကျေးရွာ စက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ (စက်မှု) ဦးထွန်းသူအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

မြင်းမူ ဖေဖော်ဝါရီ ၂၅

မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက် ညနေပိုင်းက မြို့နယ်ရုံးဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ပထမ အမှတ်(၄) နယ်မြေ၊ ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တတိယအမှတ်(၂) နယ်မြေ အသင်းတို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုက ဆုများ ပေးအပ်ချီးမြှင့်သည်။ (၀၃၅)

ဆားလင်းကြီးမြို့နယ် ဒူးထောက်ရွာ မြေသားလမ်းသစ်ဖွင့်

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဆားလင်းကြီးမြို့ ဒူးထောက်ကျေးရွာ မြေသားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက်က အဆိုပါလမ်းထိပ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။ (အောက်ပုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒူးထောက်ကျေးရွာအုပ်စုမှ ရွာသူ ရွာသားများ စုစုပေါင်း ၁၀၀၀ခန့် တက်ရောက်ကြပြီး လမ်းသစ်ကို အမှတ်(၉)တိုက်စည်း ကျောင်းအုပ်ကြီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး လမ်းသစ်ကို ကြည့်ရှုကြသည်။ အဆိုပါလမ်းမှာ အရှည် ပေ ၄၁၀၀၊ အကျယ် ၁၈ပေမြေသားလမ်းဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၂ဒသမ ၁၈ သိန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော လမ်းသစ်ဖြစ်သည်။

(မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆုပေးပွဲ

အရာတော် ကမ္ဘောဇ(အမက)၌ ကျင်းပ

အရာတော် ဖေဖော်ဝါရီ ၂၆

မုံရွာခရိုင် အရာတော်မြို့ အမှတ်(၁) နယ်မြေ ကမ္ဘောဇရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၁၀နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်နာယက ဦးရွှင်က ပညာရေး တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဦးချစ်ထွန်း (ညောင်လေးပင်)က မိမိငယ်စဉ်က ဤနေရာတွင် ကျောင်းနေရ ဘဝဖြစ်စဉ်များကို လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေမြင့်က ကျောင်းအကျိုးတော်ဆောင်အဖွဲ့အား ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ကြောင်းကို လည်းကောင်း၊ ဒေါ်စန်းမြ(ဆရာမ)က ကျောင်းတွင် လိုအပ်သည့် စာသင်ခုံပရိဘောဂများ ပြည့်စုံရေးကို လည်းကောင်း၊ ဦးချစ်ဆောင် (အာဟာရဆန်ပြုတ် အလှူရှင်)က ကျောင်း၏တိုးတက်ရာ တိုးတက်ကြောင်း လုပ်ငန်းများအခြေအနေကို လည်းကောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ရပ်ကွက်၊ ကျေးရွာ စည်းလုံးညီညွတ်မှုရှိ၍ အေးချမ်းသာယာရေးစသည့် အကြောင်းအရာများကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

တိုက်ကျွေး

ထို့နောက် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ကြရာ စတုတ္ထတန်းမှ ဆုရရှိသူ ကျောင်းသားကျောင်းသူများအား အလှူရှင် ဦးရွှင်နှင့်ဇနီး ဒေါ်ငွေးတင် မိသားစုတို့ကလည်းကောင်း၊ တတိယတန်းမှ ဆုရရှိသူ ကျောင်းသားကျောင်းသူများအား အလှူရှင် ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်မိုးခိုင် မိသားစုကလည်းကောင်း၊ ဒုတိယတန်းမှ ဆုရရှိသူ ကျောင်းသားကျောင်းသူများနှင့် ပထမတန်းမှ ဆုရရှိသူများအား အလှူရှင် ဦးချစ်ဆောင်နှင့်ဇနီး ဒေါ်ငွေးရွှေတို့ကလည်းကောင်း၊ သူငယ်တန်းမှ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေမြင့်ကလည်းကောင်း ဆုများချီးမြှင့်ကြပြီး တက်ရောက်လာကြသူများနှင့် ကျောင်းသားကျောင်းသူများအား အာဟာရဆန်ပြုတ်များ တိုက်ကျွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

တန့်ဆည်မြို့နယ် ကုန်းရိုးကျေးရွာအုပ်စု ရတနာကျေးရွာ၌ မွန်းတည့်နေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမျိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ခင်ဦးမြို့ အောင်မင်္ဂလာ အမက၌ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအယ်လ်စန်တွဲ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးတို့က အမှာစကားပြောကြားကြပြီး ခင်ဦးအထက ကျောင်းအုပ်ဆရာကြီး ဦးဘကျမ်က သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုနှင့် မြို့နယ်ဘက်စုံထူးချွန် ပထမဆုရ စတုတ္ထတန်းမှ မရွှေစင်ဦးအား ဆုချီးမြှင့်စဉ်။

(၁၈၂)

ကန့်ဘလူ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

ကန့်ဘလူ ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် ရွှေစည်ကြီးပွဲတော်ကာလ ကန့်ဘလူမြို့ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင် (၁၀၀)ဆံ့ ဆေးရုံသစ်ကြီး၌ မျက်စိရောဂါ ဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးရာ ကသာခရိုင်မှ ပင်လည်ဘူး၊ ဗန်းမောက်၊ ကသာ၊ ကောလင်း၊ ဝန်းသိုမြို့နယ်များ၊ ရွှေဘိုခရိုင်မှ ကျွန်းလှ၊ ခင်ဦး၊ တန့်ဆည်၊ ရေဦး၊ ကန့်ဘလူ၊ ဒီပဲယင်း၊ ရွှေဘိုမြို့နယ်များ၊ မုံရွာခရိုင်မှ ဘုတလင်၊ မုံရွာ၊ အရာတော်၊ ပုလဲမြို့နယ်များနှင့် တမူးမြို့နယ်၊ ကလေးမြို့နယ်များမှ ဝေဒနာရှင် ၆၀၀၀ ကျော် လာရောက်ကြသည်။

စီစဉ်ပေး

မျက်စိဝေဒနာရှင်များ လွယ်ကူစွာ လာရောက်နိုင်ရေးအတွက် ကန့်ဘလူမြို့နယ် လူမှုရေးအသင်းအဖွဲ့များက ရထားလမ်း၊ ကားလမ်းတို့မှ ယာဉ်ရထားများ စီစဉ်ပေးပြီး ဇန်နဝါရီ ၂၃ရက်က စတင်လက်ခံကြိုဆို၍ ကန့်ဘလူမြို့ အမှတ် (၃)ရပ်ကွက် ခုတင် (၁၀၀)ဆံ့ ဆေးရုံသစ်ကြီးအနီး ညောင်အိုင် (အလက-ခွဲ)နှင့် အထက (၁) မူလတန်းကျောင်းဆောင်များ၌ တည်းခိုနေထိုင်ရေး စီစဉ်ပေးသည်။

ဆောင်ရွက်ပေးနိုင်

နေပြည်တော်မှ အထူးကုသမားတော်ကြီး ဒုတိယဗိုလ်မှူးကြီးရှုပါအောင် ဦးဆောင်သော သမားတော်ကြီးများ၊ စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်၊ ဒေါက်တာဥမ္မာပါမောက်၊ ဒေါက်တာမချိုချိုအေး၊ မန္တလေးမှ ဒေါက်တာရဲလွင်၊ ရွှေဘိုမှ ဒေါက်တာတင်မျိုးသန့်၊ မုံရွာမှ ဒေါက်တာငွေးငွေးရီ၊ ဒေါက်တာအေးကိုနှင့် ကျွမ်းကျင်ပညာရှင်များက ကျန်းမာရေးဝန်ကြီးဌာနဒေသခံ ဝန်ထမ်းများ အကူအညီဖြင့် ဇန်နဝါရီ ၂၄ရက်မှ ၂၈ရက်အထိ စမ်းသပ်စစ်ဆေးကုသပေးခဲ့ပြီး ဇန်နဝါရီ ၂၄ရက်နှင့် ၂၅ရက်က ၁၇၉၇ဦးစမ်းသပ်ပြီး အကြီးစားခွဲစိတ်ကုသမှု ၁၀၁ဦးနှင့် အသေးစားခွဲစိတ်မှု၂၀ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(၀၂၇)

မြို့နယ်

သတင်း

ထွေထွေ

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဝမ်းတွင်းမြို့နယ်အပိုင်း မိုင်တိုင်အမှတ် (၆၈/၆)အနီး ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ကွင်းဆင်းကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

စံ (၅)ချက်နှင့်ညီသည့် စာကြည့်တိုက်များ ဖြစ်ပေါ်ရေး ဆောင်ရွက်

ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၇

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် သုံးအိမ်ကျေးရွာ စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၆ရက် နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများသည် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲနှင့် စံ(၅)ချက်နှင့် ညီသည့် စာကြည့်တိုက်များ ဖြစ်ပေါ်စေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက ပြည်ထောင်စုစိတ်ဓာတ်နှင့် စာကြည့်တိုက် စာငှားစနစ်များ အကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမျိုးက စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးဖိုမီး

အခြားမီး

သုံးပြီးသတိ

အမြဲရှိ

ကျေးလက်ဖွံ့ဖြိုးရေး မြင်းမူ၌ ကွင်းဆင်းဆောင်ရွက်

မြင်းမူ ဖေဖော်ဝါရီ ၂၅

မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၁နာရီက မြင်းမူမြို့နယ် မကျီးကန်ကျေးရွာ သီရိသုမင်္ဂလာကျောင်းတိုက်မွှာရုံ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြား၍ ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာဌာနများက မိမိတို့ဌာနအလိုက် သိကောင်းစရာများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာပြည်သူများက အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနက ဆေးဝါးများ အခမဲ့ကုသပေးခဲ့ပြီး ဌာနဆိုင်ရာများ၊ ကျေးရွာမှ စေတနာရှင်များက စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန် မတည်လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဘဏ္ဍာရေးမှူး ဦးလှိုင်မျိုးဦးက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီး၌ လူဦးရေစာရင်းကွင်းဆင်းဆောင်ရွက်

နွားထိုးကြီး ဖေဖော်ဝါရီ ၂၄

နွားထိုးကြီးမြို့နယ် ကျေးရွာ ၁၈၆ ရွာတွင် လူဦးရေစစ်ဆေးခြင်းကို နွားထိုးကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ရှစ်ဖွဲ့ခွဲ၍ ယမန်နှစ် နိုဝင်ဘာ ဒုတိယပတ်မှစ၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။

တစ်ပြိုင်တည်းဆောင်ရွက်

လူအသေအပျောက်၊ မွေးဖွားသူအပါအဝင် အပြောင်းအရွှေ့ လူဦးရေစာရင်းများကို အိမ်ထောင်စုအလိုက် စစ်ဆေး တိုး/လျှော့ ပြုလုပ်ကြသည်။ အသက် ၁၀ နှစ်အထက်၊ အသက် ၁၈နှစ်ပြည့်သူများကိုလည်း နိုင်ငံသားလက်မှတ်ထုတ်ပေးရေး တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။ *(၀၉၂)*

အရန်သားဖွားသင်တန်းဖွင့်

အရန်သားဖွား ဆရာမသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပရာ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေက အရန်သားဖွား ဆရာမသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ရှေ့လုပ်ငန်းများကို ရှင်းလင်းပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လက်သီးချင်းရင်ဆိုင် အားမာန်ပြိုင် အသည်းမာငွေ့ပါ ဝင့်ကြွားပြကြမည့်

မြန်မာနှင့်ထိုင်းတို့၏ တတိယအကြိမ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

နေပြည်တော် မတ် ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင် ဗီဒီယို) တာဝန်ယူ စီစဉ်သော မြန်မာနှင့်ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို မတ် ၆ရက် (**စနေနေ့**) နှင့် ၇ရက်(**တနင်္ဂနွေနေ့**) ညနေ ၃နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ❐

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
ဖင်လင်းထွန်း(နေဖြူ)

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

၇၂ကီလိုတန်းတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည့် ရန်ကြီးအောင် (မြို့တော်စည်ပင်) (ဝဲ) နှင့် နမ်ချူတ်ပက်ဆူပါပန်(ထိုင်း)။

စိုက်ပျိုးရေ အကျိုးပြုနေသည့် မြိုင်မြို့နယ် မြိုင်ချောင်းတမံ



နေပြည်တော် မတ် ၂

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင် မြို့နယ်အတွင်း နိုင်ငံတော်အစိုးရမှ ဒေသခံပြည်သူများ စိုက်ပျိုးရေးအတွက် ရေလှောင်တမံ ၁၀ခု တည်ဆောက်ပေးခဲ့ရာ မြိုင်ချောင်း ရေလှောင်တမံလည်း တစ်ခုအပါအဝင် ဖြစ်သည်။

ဧက ၁၀၀၀

မြိုင်ချောင်း ရေလှောင်တမံကို ၁၉၉၃နှစ်ကတည်းက တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့ရာ ၁၇နှစ် တိုင်ခဲ့ပေပြီ။ ဆည်ရေသောက် ဧရိယာ ဧက ၁၀၀၀ အတွက် အကျိုးပြုလျက်ရှိသည့် မြိုင်ချောင်းတမံသို့ မြိုင်မြို့မှ (၆)မိုင်အကွာ မြိုင်-ဗဟင်းကျေးရွာ ဆက်သွယ်လမ်းမှ မိုင်ဝက်ခန့် ဝင်ရောက်ရသည်။
စာမျက်နှာ ၈ ကော်လံ ၄ ■

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

3-3 (20).pmd 1 3/3/2010, 1:12 AM